# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၆၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr . Iskander Azizov ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ၊

**စာမျက်နှာ ၅ ကော်လံ ၁**✭

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်)

# အကောင်းဆုံးအခြေအနေမှ အပြည့်စုံဆုံးအခြေအနေသို့

လူတိုင်းအတွက် မိတ်ဆွေကောင်းရှိနေရန်လိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံအတွက်လည်း မိတ်ဆွေကောင်းနိုင်ငံများရှိနေရန်လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် အခြားသောနိုင်ငံများအပေါ် စိတ်ရင်းစိတ်ထားဖြောင့်မတ်စွာဖြင့် မိတ်ဆွေကောင်းပီသစွာဆက်ဆံလျက်ရှိသည်။ မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံမှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက်အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားသင့်ပေဟူ၍ ဓမ္မပဒတရားတော်တွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုပြုလျက်ရှိသည်။

မြန်မာနိုင်ငံနှင့်ပြည်သူတို့၏ကောင်းကျိုးကို အမှန်တကယ်လိုလားသည့်စိတ်ဖြင့် ပြုမူဆက်ဆံနေသူများကို မြန်မာနိုင်ငံအနေဖြင့် အလွန်ပင်တန်ဖိုးထားပြီး မိတ်ဆွေကောင်းအဖြစ် စွဲမှတ်ယူထားသည်။ အဆိုပါနိုင်ငံများတွင် မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းများစွာထိစပ်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ မြန်မာ-တရုတ်ဆက်ဆံရေးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိလာခဲ့သည်မှာ ယနေ့တိုင်ခိုင်မြဲနေသည့် မိတ်ဆွေကောင်းဆက်ဆံရေးဖြစ်သည်၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးလည်းဖြစ်သည်၊ ကောင်းကျိုးလိုလားသည့် စိတ်ရင်းအမှန်ဖြင့် ဆက်ဆံလျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၆)နှစ်မြောက်နှစ်ပတ်လည်နှင့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်အထိမ်းအမှတ်ညစာ်ခံပွဲအခမ်းအနားကို စက်တင်ဘာလ ၂၄ ရက်က ရန်ကုန်မြို့တွင် ကျင်းပသည်။ လွန်ခဲ့သည့် ၇၆ နှစ်တာကာလအတွင်းရရှိခဲ့သည့် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်ပွဲဖြစ်သည်။ ထို့အတူ နှစ်နိုင်ငံအကြား နှစ်ပေါင်း ၇၅ နှစ်ကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့် သမိုင်းဝင်အမှတ်တရများ၊ ခိုင်မာသည့်မိတ်ဖက်ဆက်ဆံရေးများ၊ အပြန်အလှန်လေးစားမှုများနှင့် နှစ်နိုင်ငံမိတ်ဖက်များအကြား နယ်ပယ်စုံ၌ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန်ထားရှိသည့် ကတိကဝတ်များကိုထင်ဟပ်ပြသသည့် အထိမ်းအမှတ်အောင်ပွဲတစ်ခုဖြစ်သည်။

မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ဆက်ဆံရေးကောင်းမွန်လျက်ရှိသည်။ တစ်နိုင်ငံ၏နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံကလေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုရန်၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေရန်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရန်ဟူသောမူကြီးငါးရပ်ဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ ခိုင်မာလျက်ရှိသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့သည့်အရေးပေါ်ကယ်ဆယ်ရေးအကူအညီများ၊ ကျန်းမာရေးအကူအညီများ၊ ပြန်လည်ထူထောင်ရေးနှင့်နေရာချထားရေးဆိုင်ရာအကူအညီများသည် ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် မြန်မာပြည်သူများအတွက် စိတ်ဓာတ်ခွန်အားကို ရရှိစေခဲ့သည်။ အလားတူ မြန်မာ့ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံမှပေးအပ်သော အပြုသဘောဆောင်သည့်အထောက်အပံ့များ၊ အာဆီယံနှင့်ကုလသမဂ္ဂအစရှိသည့် ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှရပ်တည်ထောက်ခံပေးမှုနှင့် ယခုနှစ်ကုန်ပိုင်းတွင်စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးပေးသည့် အကူအညီများအတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံကိုကျေးဇူးတင်ရှိသည်။

နှစ်နိုင်ငံအကြားအပြန်အလှန်ဖေးမကူညီမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြားအပြန်အလှန်ယုံကြည်မှုနှင့် ထောက်ခံမှုများတိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို သမိုင်းကသက်သေခံလျက်ရှိသည်။ သာတူညီမျှမှုနှင့်အပြန်အလှန်လေးစားယုံကြည်မှုနှင့် ဆွေမျိုးပေါက်ဖော် အိမ်နီးချင်းကောင်းဆက်ဆံရေးကိုအခြေခံကာ အတူတကွဆက်လက်ကြိုးပမ်းအားထုတ်မည်ဆိုပါက ပိုမိုမြင့်မားသည့်ဆက်ဆံရေးအဆင့်သို့တက်လှမ်းနိုင်မည်ဟု အပြည့်အဝယုံကြည်သည်။

မြန်မာနိုင်ငံသည် မိတ်ဆွေကောင်းနိုင်ငံများကို အစဉ်အမြဲလက်ကမ်းကြိုဆိုလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများအတွက် မိတ်ဆွေကောင်းပီသစွာပြုမူဆောင်ရွက်လျက်ရှိသည်။ မြန်မာနှင့်တရုတ်နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း မိုင်ပေါင်း ၁၃၀၀ ကျော်မျှထိစပ်လျက်ရှိသည်။ ယုံကြည်သက်ဝင်မှု ကိုးကွယ်သည့်ဘာသာတရားမှာလည်း တူညီကြသည့်နိုင်ငံများဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နှင့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး(၇၅)နှစ်ပြည့် အခါသမယမှစ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့မှာ အကောင်းဆုံးအခြေအနေမှ အပြည့်စုံဆုံးအခြေအနေသို့ရောက်ရှိလာစေကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၈၉ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

## မုံရွာမြို့၌ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်သင်ကြား

မုံရွာ စက်တင်ဘာ ၂၉

မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူးကြီးမှူး၏ ဒစ်ဂျစ်တယ်အသိပညာ၊ ခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်သင်ကြားခြင်းကို စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း(မုံရွာ)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သက်နှင်းဖြိုးက ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာ ဗဟုသုတတိုးပွားလာစေရန်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများရရှိစေရန်၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပြီး ဒစ်ဂျစ်တယ်စီးပွားရေးစဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန်အတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံက ကုန်အညွှန်းအမှတ်တံဆိပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက ဈေးကွက်သို့ ဝင်ရောက်ရောင်းချနိုင်ရေးအတွက် ဌာနမှရေးဆွဲနေပြီဖြစ်သည့် E-Commerce Website သို့ဝင်ရောက်နည်း၊ Online Registration အသုံးပြုနည်း အဆင့်ဆင့်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် ၂၀ ဦးအား ရှင်းလင်းပို့ချပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ကြောင်းသိရသည်။

ရာမည(ပြန်/ဆက်)

---

**သဇင်(FM) အသံလွှင့်အစီအစဉ်**
၃၀-၉-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ | လှပကျန်းမာ | ၅။ ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ | Speech On Air | ၆။ ၂၁:၂၀ | Memory Box |

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

### ယမန်နေ့မှအဆက်
### သိထိုက်သောအချက်

ပုဂ္ဂလိကအနေဖြင့် တစ်မျိုး၊ အစိုးရအနေဖြင့် တစ်မျိုးဆောင်ရွက်ရသောကိစ္စမျိုးရှိခြင်းကို အုပ်ချုပ်သူတို့နားလည်သင့်၏။ လူတစ်ဦးတစ်ယောက်၏လယ်မြေကို တခြားသူ လူတစ်ယောက်က သိမ်းယူခြင်းသည် အမှန်စင်စစ်မတရားဟု ဆိုရပေမည်။ သို့ရာတွင် ဆိုရှယ်လစ်အစိုးရတစ်ခုအနေဖြင့် လယ်မလုပ်ဘဲထိုင်စားသူများ၏ လယ်မြေကိုသိမ်းယူပြီး လယ်သမားများ၏လက်ဝယ်သို့ ပေးဝေသောနည်းဖြင့်သာလျှင် မြန်မာပြည်တွင် လူများစုနေဖြစ်သည့် တောင်သူလယ်သမားများ ချောင်ချိနိုင်ဖို့ရှိတော့သည်ဟု ယုံကြည်သည်ဆိုပါမူကား ဝန်ကြီးချုပ်ဦးနုပြောဖူးသကဲ့သို့ ဝိတိုရိယဘုရင်မကြီး၏ စာချုပ်လက်မှတ်တွေ ဘာတွေနှင့် ချောင်လည်ချောင်ပတ်ပြောမနေဘဲ ပြောင်ပြောင်ရဲရဲပင် ခွဲပေးသင့်ပေသည်။ ဦးနုသည် လယ်မြေနှင့်ပတ်သက်၍ ဝိတိုရိယဘုရင်မကြီး၏ စာချုပ်လက်မှတ်ကို အထောက်အထားပြု၍ ပြောခြင်းမှာ မြေပိုင်ရှင်များ ကျေနပ်အောင်နားလှည့်ခြင်းပေလော၊ သူကိုယ်တိုင်ပင် တကယ်ယုံကြည်၍ပေလော မပြောတတ်ပေ။ ကျွန်ုပ်၏အထင်မှာ မြေသိမ်းရခြင်းကို သူကိုယ်တိုင် စိတ်မသန့်သည်နှင့် သူ့ကိုယ်သူ နားလှည့်ခြင်းဖြစ်ပုံရသည်။ ဖြစ်သင့်သည်မှာကား အစိုးရလုပ်မည့်ပုဂ္ဂိုလ်တစ်ယောက်သည် လူတွေစားဝတ်နေရေးချောင်ချိရေးအတွက် ဤနည်းလမ်းတစ်ခုတည်းသာရှိသည်ဟု ယုံကြည်ပါက ခံစရာရှိလျှင်လည်းခံမည်၊ ထိုနည်းလမ်းအတိုင်းပင်လုပ်မည်ဟု ဆုံးဖြတ်ဝံ့သော သတ္တိရှိရပေမည်။ ဦးနုကမူ ပါးစပ်ကတော့ ပြောဖူးပါ၏။ တကယ်လုပ်ရာ၌မူ ငရဲကို ကြောက်ရုံသာမက အုပ်ချုပ်ရင်းပင် ကုသိုလ်ကလေးတစ်ဖက်ရလိုက်ချင်သေးသည်။ လူတစ်ယောက်သည် ပုဂ္ဂိုလ်တစ်ယောက်အနေဖြင့် ရှောင်ကြဉ်ရမည့်အလုပ်မျိုးတို့ကို အစိုးရအနေဖြင့် ရှောင်၍မရကြောင်း၊ ရှောင်လျှင် ဝတ္တရားပျက်ကွက်ရာကျ၍ သူ၏ တိုင်းသူပြည်သားများ ကျပ်တည်းဆင်းရဲနိုင်ကြောင်းကို အစိုးရလုပ်ချင်သူများ သိထိုက်လှသည်။

ဗုဒ္ဓဘာသာယုံကြည်သော ဝန်ကြီးချုပ်တစ်ယောက်သည် ပါဏာတိပါတအလုပ်နှင့်ပတ်သက်၍ အခက်အခဲတွေ့ရတတ်၏။ ထိုအထဲတွင် လူများစားကြသော တိရစ္ဆာန်မျိုးတို့၏ အသက်ကိုကာကွယ်ပေးခြင်းသည် သာသနာပြုခြင်းမည်သည်ဟုယူဆခဲ့လျှင် ထိုအခက်အခဲသည် ပိုမိုကြီးထွားလာတတ်၍ ဖြေရှင်းရန်မဖြစ်နိုင်သောအခြေမျိုးသို့ ရောက်သွားနိုင်၏။ အမဲမပေါ်ရ၊ ငါးဈေးကြီး၍ ဝယ်မစားနိုင်ကြလျှင် ငါးတွေဖမ်းဆီးမှုနည်းလာသောကြောင့် သာ၍ကောင်းသည်ဟူသောသဘောထားသည် အရပ်သားတစ်ယောက်အနေဖြင့် ကိစ္စမရှိသော်လည်း ဝန်ကြီးချုပ်တစ်ယောက်အနေဖြင့် ဤအတိုင်းကျင့်သုံးသည့်အခါ တိုင်းသူပြည်သား (အထူးသဖြင့် ဆင်းရဲသားများ) အား တိုး၍ ကျပ်တည်းဆင်းရဲအောင် ဖန်တီးပေးရာရောက်လေသည်။ လိုင်စင်သမားများအဖို့မှာ အမဲမပေါ်လျှင် ကြက်၊ ဝက် စားနိုင်သည်။ ငါးရှား၍ ဈေးကြီးလျှင် တစ်ပိဿာကို ၁၅ ကျပ်၊ ၂၀ ကျပ်လည်း ပေးဝယ်စားနိုင်သည်။ အလုပ်သမားဆင်းရဲသားများမှာသာ ကျပ်လျှင်ကျပ်၊ ငတ်လျှင်ငတ်ကြရသည်။ (အမဲကား မပေါ်သည်မဟုတ်၊ 'တိုးတိုးသား' အဖြစ်နှင့် ဈေးတက်သွားရုံသာရှိသည်။) ယခုတစ်လော၌ ကျွန်ုပ်တို့ဝန်ကြီးချုပ်၏ ဦးခေါင်းထဲသို့ ထူးဆန်းသောစိတ်ကူးများ ဝင်ရောက်လျက်ရှိ၏။ ဂေါတမဗုဒ္ဓဟောပြတော်မူခဲ့သည့် ကျင့်စဉ်များအနက်တွင် အကျပ်တည်းဆုံး ခြိုးခြံရဆုံးသော ကျင့်စဉ်မှာ ဓူတင်တေရသပင်ဖြစ်၏။ ထိုကျင့်စဉ်မှာ ဗုဒ္ဓ၏ရည်ရွယ်ချက်ကို ကောင်းစွာနားမလည်သောလူများက ပြင်းထန်လွန်းအားကြီးလှ၍ အတ္တကိလမထကျင့်စဉ်ဟူ၍ပင် ပြောချင်ကြသည်။ အဆိုပါ ဓူတင်တေရသ၌ပင် သက်သတ်လွတ်စားရသည်ဟူသော ကျင့်ရပ်တစ်ခုမပါချေ။ သက်သတ်လွတ်စားခြင်းမှာ ဟိန္ဒူဘာသာမှ (ကောင်းနိုးယောင်ယောင်နှင့်) မြန်မာပြည်သို့ ထိုးဝင်လာသည့် ကျင့်စဉ်တစ်ရပ်ဖြစ်၍ ဗုဒ္ဓသာသနာတော်ညှိုးမှိန်ရေးအတွက် ဟိန္ဒူဘက်မှ ခြေတစ်လှမ်းဝင်လာခြင်းဖြစ်သည်ဟု ကျွန်ုပ်စိုးရိမ်မိသည်။ ဗုဒ္ဓက "ငါမပညတ်ခဲ့သည်ကို ပညတ်ခြင်း၊ ငါပညတ်ခဲ့သည်ကို ဖျက်ခြင်းအားဖြင့် သာသနာတော်ကို ညှိုးမှိန်အောင်မပြုကြပါကုန်လင့်" ဟု မိန့်တော်မူခဲ့၏။ သက်သတ်လွတ်စားခြင်းသည် ဟိန္ဒူများ၏နည်းသာဖြစ်သည်။

> "များစွာသောသူတို့က အမှန်တရားသည် နှစ်မျိုးမရှိနိုင်၊ တစ်မျိုးတည်းသာရှိနိုင်သည်ဟု ပြောလေ့ရှိကြ၏။ ကျွန်ုပ်သည် လောကုတ္တရာရေးရာနှင့်ပတ်သက်၍ တခြားနေရာများတွင် ရေးချင်သလောက်ရေးနိုင်သည်ဖြစ်သောကြောင့် ဤမှတ်တမ်းတွင် ဓမ္မရေးရာနှင့်ပတ်သက်၍ အကျယ်တဝင့်ရေးသားရန် ဆန္ဒလည်းမရှိ။ သင့်လျော်သည်ဟူ၍လည်း မယူဆချေ။ သို့ရာတွင် . . ."

### နှလုံးကောင်းသော ဦးနု

တိုင်းပြည်ကိုအုပ်ချုပ်၍ မင်းလုပ်မည့် ဝန်ကြီးချုပ်တစ်ယောက်သည် ရှင်းရှင်းပြတ်ပြတ်စဉ်းစားတတ်ဖို့ လိုအပ်၏။ ပြည်သူလူထု သက်သာချောင်ချိအောင် လုပ်ရမည့်မိမိ၏တာဝန်ကို ဆောင်ရွက်ရာတွင် အပြစ်ပေးထိုက်သည့် ရာဇဝတ်သားကို အပြစ်အားလျော်စွာ ဒဏ်ပေးတန်လျှင်ပေးရမည်။ သနားသည် သို့မဟုတ် ငရဲကြောက်သည်ဆိုကာ ရှောင်လွှဲ၍မဖြစ်။ တိရစ္ဆာန်၏အသားကို စားနေကျဖြစ်သောလူမျိုးအား ငရဲမကြီးကြပါစေနှင့်ဆိုကာ သားသတ်ရုံများကို ပိတ်ပစ်၍ နည်းလမ်းမကျ၊ မိမိမလုပ်ဝံ့လျှင်လည်း ရှောင်လွှဲ၍သာပေးသင့်သည်။ တိုင်းပြည်အတွက်ဆောင်ရွက်ရာတွင် ငရဲကြီးလိမ့်မည်ဟု ထင်စရာရှိသောအမှုများကိုလည်း ပြုတန်ကပြုရလိမ့်မည်။ (အလောင်းတော်တေမိမင်းသည် အပါယ်ငရဲသို့ ကျခဲ့ရသည်ဟု စာကဆိုသည်။) ကျွန်ုပ်အား ဝန်ကြီးချုပ်တင်မြှောက်ကြလျှင် လုပ်မည်လောဟု မေးငြားအံ့။ ကျွန်ုပ်တန်ခိုးအာဏာကို မက်မောသောစိတ်မျိုးရှိ၍ လက်ခံခဲ့လျှင် တာဝန်ကိုရှောင်လွှဲပြီး ငရဲကို ကြောက်လိမ့်မည်မဟုတ်။ လုပ်သင့်သည်ကို လုပ်လိမ့်မည်သာဖြစ်၏။ တစ်ဖက်၌ စေတနာကောင်းနှင့် ပြည်သူ့အကျိုးအတွက် လုပ်ရသည်ဟူသော ဖြေလုံးဖြင့်သာ မိမိကိုယ်ကိုဖြေယူပါလိမ့်မည်။ ဦးနု၏အဖြစ်ကား ကောက်ကျစ်စဉ်းလဲခြင်း၊ ညစ်ပတ်ယုတ်မာခြင်း မဟုတ်။ လောကကြောင်းနှင့် ဓမ္မကြောင်းကို ပိုင်းပိုင်းခြားခြား နားမလည်ရှာခြင်းပင်ဖြစ်သည်။ ဦးနု၏ကောင်းမွန်သောအချက်တစ်ခုကို ကျွန်ုပ်မြင်မိသည်မှာ သူသည် ဝေဿန္တရာမင်းကြီးထက်ပင် သမာဓိအလုပ်ကိုလုပ်ထားပုံရ၍ သတ္တိထူးတစ်မျိုးရှိထားသည့်လက္ခဏာနှင့် ဝေဿန္တရာမင်းကြီးကဲ့သို့ တိုင်းပြည်မှနှင်ထုတ်ခြင်းခံရမည်မဟုတ်။ (အရမ်းကြည်ညိုသူများလည်းရှိသည်။) သူ့သန္တာန်၌ရှိနေသည့် ဖီလာသဘောတရားများ (Absurdities) ကြောင့် သူ့ဘာသာသူ စွန့်ခွာသွားရလိမ့်မည်ထင်သည်။ အချုပ်အားဖြင့် ဖော်ပြရသော် ဦးနုသည် စိတ်နှလုံးကောင်းနှင့် စေတနာကောင်းရှိသော်လည်း နားလည်မှုမပြည့်စုံရှာချေ။ ပညာဓိက မဟုတ်။ သဒ္ဓါဓိက ဖြစ်ပုံရသည်။

### သစ္စာနှစ်မျိုး

များစွာသောသူတို့က အမှန်တရားသည် နှစ်မျိုးမရှိနိုင်၊ တစ်မျိုးတည်းသာရှိနိုင်သည်ဟု ပြောလေ့ရှိကြ၏။ ကျွန်ုပ်သည် လောကုတ္တရာရေးရာနှင့်ပတ်သက်၍ တခြားနေရာများတွင်ရေးချင်သလောက်ရေးနိုင်သည်ဖြစ်သောကြောင့် ဤမှတ်တမ်းတွင် ဓမ္မရေးရာနှင့်ပတ်သက်၍ အကျယ်တဝင့်ရေးသားရန် ဆန္ဒလည်းမရှိ။ သင့်လျော်သည်ဟူ၍လည်း မယူဆချေ။ သို့ရာတွင် သစ္စာနှစ်မျိုးရှိခြင်းကို နားလည်ဖို့မှာ လောကီသားများအတွက်လည်း လိုအပ်သည်ထင်သောကြောင့် ဤအကြောင်းကို အနည်းငယ်ရှင်းပြရပါဦးမည်။ လောကုတ္တရာရေးရာ၌ သမုတိသစ္စာ၊ ပရမတ္ထသစ္စာဟူ၍ နှစ်မျိုးရှိသကဲ့သို့ လောက၏ ကျင့်စဉ်များတွင်လည်း ပုဂ္ဂလိကအနေဖြင့် ကျင့်စဉ်တစ်မျိုး၊ အုပ်စုအနေဖြင့် Society ကျင့်စဉ်တစ်မျိုး ရှိရပေသည်။ ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သောဉာဏ်မရှိခဲ့လျှင် သမုတိသစ္စာနှင့် ပရမတ္ထသစ္စာကိစ္စတွင် ရောထွေးခြင်းရှိတတ်သကဲ့သို့ ပုဂ္ဂလိကကိုယ်ကျင့်တရားနှင့် အုပ်စုကိုယ်ကျင့်တရားကိုလည်း မရှင်းမလင်းဖြစ်တတ်လေသည်။

ဆက်လက်ဖော်ပြပါမည်။

---

## စစ်ကိုင်းမြို့တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

စစ်ကိုင်း စက်တင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့တွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို စက်တင်ဘာလ ၂၉ ရက်တွင် စစ်ကိုင်းမြို့ ရှင်ချမ်းဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ရှင်ချမ်းဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၈၀ ဦးအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက သွေးပေါင်ချိန်ခြင်း၊ ဆီးချိုစစ်ဆေးခြင်းနှင့် တခြားလိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလင်းလင်းချစ်နှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ရွာထောင်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၄၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံ အက်စတာနာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပို့ဆောင်နှုတ်ဆက်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဉာဏ်ထွန်း၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများပြန်လည်လိုက်ပါလာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင်နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr . Iskander Azizov ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

■ **ကျောဖုံးမှအဆက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လိုက်ပါလာသည့် အထူးလေယာဉ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့၊ ကူမင်းလေဆိပ်၌ ခေတ္တရပ်နားခဲ့ရာ တရုတ်ကွန်မြူနစ် ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xiju နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီအမြဲတမ်းကော်မတီအဖွဲ့ဝင်၊ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူးတို့သည် လေဆိပ်ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးရာတွင် တရုတ်နှင့်မြန်မာသည် ခိုင်မာသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယုံကြည်ရသည့် မိတ်ဆွေနိုင်ငံဖြစ်သည့်အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့်ဆက်လက်၍လည်း လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ တရုတ်-မြန်မာနယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအတွက်နှစ်နိုင်ငံအပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေးပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတွင်ပါဝင်သည့် စီမံကိန်းများ၊ သဘောတူညီချက်များကို အမြန်ဆုံးအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်အကြား အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူး Mr.Hu Dapeng၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xiju နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာ ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏မေးမြန်းမှုများအားလက်ခံဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိသည်။**

**ထိုသို့ပြန်လည်ရောက်ရှိစဉ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏မေးမြန်းမှုများကို ယခုလိုပဲ ဖြေကြားခဲ့ပါတယ် –**

**မေး။ ယာယီသမ္မတကြီးရဲ့ ရုရှားနဲ့ ကာဇက်စတန်နိုင်ငံတွေကို အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံအတွက်ဘယ်လို အကျိုးကျေးဇူးတွေရခဲ့လဲ။ နောက်ပြီး ဒီခရီးစဉ်မှာ ကမ္ဘာ့အဏုမြူသီတင်းပတ် ဖိုရမ် ကိုလည်း တက်ရောက်ခဲ့တဲ့အတွက်ကြောင့် ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေရှိလာနိုင်မှာလဲ ဆိုတာကို အရင်ဦးဆုံး ဖြေကြားပေးပါဦးခင်ဗျာ။**

ဖြေ။ အဓိကကတော့ ကျွန်တော်တို့ ဒီခရီးစဉ်မှာ အပိုင်းသုံးပိုင်းခွဲပြီး ပြောချင်ပါတယ်။ အပိုင်းသုံးပိုင်းကတော့တစ်ပိုင်းစီက အရေးပါနေတဲ့အတွက်ကြောင့်မို့ ဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ ရုရှားပေါ့။ ရုရှားမှာ ရုရှားခရီးစဉ်၊ ပြီးရင်တော့ ကာဇက်စတန်ခရီးစဉ်၊ ပြီးရင်တော့ အပြန်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမှာ ကျွန်တော်တို့က ခဏနားခဲ့သေးတယ်။ အဲ့ဒါတွေကို ကျွန်တော်ပြောချင်ပါတယ်။ ပထမဦးဆုံးကတော့ တစ်ခုနဲ့ တစ်ခုကလည်း သဘောသဘာဝက နည်းနည်းကွာခြားတယ်၊ ကွာခြားတဲ့အတွက်သုံးပိုင်းခွဲပြီးပြောမယ်။ ပထမဦးဆုံး ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ROSATOM ကနေကြီးမှူးပြီး ကျင်းပတဲ့ ကမ္ဘာ့အဏုမြူ ရက်သတ္တပတ်ပေါ့။ အဲ့ဒါနဲ့ ပတ်သက်ပြီးတော့ ဖိုရမ်ကြီးကို တက်ရောက်တာဖြစ်တယ်။ ပြီးရင် ရုရှားသမ္မတ H.E. Vladimir Vladimirovich Putin နဲ့ တွေ့ခဲ့တယ်။ အဲ့ဒီမှာ ကမ္ဘာ့နိုင်ငံ အသီးသီးကလည်းလာရောက်ပြီးတော့ World Atomic Week Forum ကို တက်ရောက်တာဖြစ်တယ်။ တက်ရောက်တဲ့အခါမှာ အဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီးငြိမ်းချမ်းစွာ အသုံးပြုနိုင်ဖို့၊ အဏုမြူစွမ်းအင်နဲ့ ပတ်သက်ပြီး နိုင်ငံတိုင်းက ငြိမ်းချမ်းစွာနဲ့ ပြည်သူလူထု အကျိုးအတွက် အသုံးပြုနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ဆွေးနွေးခဲ့တာရှိပါတယ်။ ဆွေးနွေးခဲ့တဲ့နေရာမှာ တက်ရောက်တဲ့နိုင်ငံတွေရဲ့ အမြင်သဘောထားတွေကိုလည်း နားထောင်ခဲ့ရတယ်။ နိုင်ငံတော်ယာယီသမ္မတကြီးက မိန့်ခွန်းလည်းပြောခဲ့ရတယ်။ ယာယီသမ္မတကြီးရဲ့ မိန့်ခွန်းနဲ့ မြန်မာနိုင်ငံရဲ့သဘောထားလည်း ပြောခဲ့ရတယ်။ ဒီထဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံရဲ့ သဘောထားကတော့ အဏုမြူစွမ်းအင်ကို အသုံးပြုခြင်းရဲ့ အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ စွမ်းအင်ပေါ့လေ၊ တည်ငြိမ်တဲ့ လျှပ်စစ်စွမ်းအင်တစ်ခုရရှိဖို့၊ ပြီးရင် ဆေးဘက်ဆိုင်ရာ၊ စိုက်ပျိုးရေးဘက်ဆိုင်ရာ သုတေသနတွေမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒါတွေကို ကျွန်တော်တို့ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ရုရှားရဲ့ အဏုမြူစွမ်းအင် အေဂျင်စီဖြစ်တဲ့ ROSATOM နဲ့လည်း ကျွန်တော်တို့ သဘောတူလက်မှတ်တွေ ရေးထိုးခဲ့ရတာတွေရှိတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ရုရှားသမ္မတကြီး မစ္စတာဗလာဒီမာပူတင်နဲ့ တွေ့ဆုံခဲ့တာရှိတယ်။




အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏မေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

မစ္စတာ ဗလာဒီမာပူတင်နဲ့ တွေ့ဆုံတဲ့အခါမှာတော့ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရဆုံး မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် အမြဲတမ်း အသိအမှတ်ပြုနေတဲ့အကြောင်း၊ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကို မဟာဗျူဟာ မိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ အသိအမှတ်ပြုပြီးတော့ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်သွားမယ့် အကြောင်းရင်းတွေ၊ နည်းပညာဖလှယ်မှုတွေ၊ အာကာသဆိုင်ရာနည်းပညာ၊ အဏုမြူစွမ်းအင်ဆိုင်ရာ နည်းပညာ၊ ကျန်တဲ့ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမယ့်နည်းပညာဖလှယ်မှုတွေ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒုတိယကတော့ ကာဇက်စတန်ခရီးစဉ်ပေါ့။ ကာဇက်စတန်ခရီးစဉ်နဲ့ပတ်သက်ပြီး ကာဇက်စတန်နိုင်ငံကို မြန်မာနိုင်ငံရဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ဦး ပထမဦးဆုံး ရောက်ရှိတာဖြစ်ပါတယ်။ ကာဇက်စတန်နိုင်ငံရဲ့ ထူးခြားချက်ကလည်း တော်တော်ထူးခြားတဲ့ နိုင်ငံတစ်ခုဖြစ်တယ်၊ သူဟာအာရှတိုက်ရဲ့ အလယ်ပိုင်းမှာရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်တယ်။ သို့သော် အာရှတိုက်နဲ့ ဥရောပတိုက်ရဲ့ အစပ်မှာရှိတယ်။ အာရှတိုက်ရဲ့အလယ်မှာဖြစ်တဲ့အတွက်ကြောင့် မလို့ ခင်ဗျားတို့ ကျွန်တော်တို့ကြားဖူးမှာပဲ။ အရင်တုန်းက ပထဝီနိုင်ငံရေးပေါ့ ( Geopolitics Theory )တွေရှိတယ်။ အဲ့ဒီမှာတော့ Heartland ၊ Greenland ၊ ကမ္ဘာ့ရဲ့ အလယ်ဗဟိုချက်နယ်မြေတို့၊ ဒီနယ်မြေတွေရဲ့ အရေးပါမှုကိုလည်းသိမှဖြစ်မယ်။ ဒီနေရာဟာ ကမ္ဘာ့ရဲ့အလယ်ဗဟိုချက်နယ်မြေအာရှ-ဥရောပတိုက်ပေါ့။ ကမ္ဘာမှာ အကြီးဆုံးကုန်းမြေရဲ့ အလယ်နယ်မြေဖြစ်တဲ့အတွက် သူ့ရဲ့နေရာကနေပြီး ကုန်းလမ်းပို့ဆောင်ရေးတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ အားလုံးဖြတ်သန်းသွားတဲ့ သဘောရှိတယ်။ ပြီးရင်နိုင်ငံအနေနဲ့လည်း တိုးတက်အောင်ဆောင်ရွက်နေတယ်။ သူတို့ရဲ့ ပညာရေးကဏ္ဍလည်း မြင့်ပါတယ်။ ကျန်းမာရေးကဏ္ဍလည်း မြင့်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် ကဏ္ဍတွေနဲ့ ပတ်သက်ပြီးလည်း သမ္မတကြီး ကိုယ်တိုင်က ရှင်းလင်းပြသခဲ့ပါတယ်။ ကျွန်တော်တို့ကိုလည်း သူတို့နိုင်ငံရဲ့ အခွင့်အရေး၊ ကျွန်တော်တို့နဲ့ ရင်းနှီးမြှုပ်နှံ နိုင်မယ့် အခွင့်အရေး၊ ကျွန်တော်တို့နဲ့ တိုးတက်ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေကိုလည်း ပြောခဲ့တာရှိပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ၊ IT နဲ့ ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ ကာဇက်စတန်သမ္မတကြီးအနေနဲ့က မြန်မာနိုင်ငံက ပထမဦးဆုံးလာရောက်တဲ့ ခေါင်းဆောင်ဖြစ်တဲ့အတွက်ကြောင့်မလို့ တော်တော်ကို ဝမ်းသာအားရတယ်။ ကျေနပ်မှုရှိတယ်။ ဒါ့အပြင် တွေ့ဆုံပွဲအပြီးမှာ ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ပြန်တဲ့အချိန်မှာ ကားပေါ်ထိလိုက်ပြီး နှုတ်ဆက်တာမျိုးပေါ့။ ဒါတွေထိ ရင်းနှီးဖော်ရွေမှုတွေပြတဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်ခုတိုးတယ်လို့ ပြောချင်ပါတယ်။ အပြန်ခရီးစဉ်မှာတော့ ကူမင်းမြို့ကို ဝင်ရောက်ခဲ့တယ်။ ကူမင်းကိုဝင်ရောက်တဲ့ အချိန်မှာ ယူနန်ပြည်နယ်ရဲ့ ကွန်မြူနစ်ပါတီ အမြဲတမ်းပါတီဝင်ပေါ့နော်။ ဥပဒေရေးရာ အတွင်းရေးမှူး၊ ပြီးရင် ခင်ဗျားတို့ ကျွန်တော်တို့နဲ့ ရင်းနှီးနေကြတဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ အရှေ့တောင်အာရှကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွင်းနဲ့ တွေ့ဆုံခဲ့တယ်။ အဲဒီမှာ အချက် ၄ ချက်ဆွေးနွေးခဲ့တယ်။

နံပါတ်တစ်အရေးကြီးဆုံးအချက်က အပြန်အလှန်ဆွေးနွေးတဲ့အခါမှာ မြန်မာနဲ့ တရုတ်နိုင်ငံတို့ဟာ မိတ်ဆွေအရင်းအချာ၊ အိမ်နီးနားချင်းနိုင်ငံ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်စိတ်ချမှုရှိပြီးတဲ့ နိုင်ငံတွေဖြစ်တယ်၊ ဆက်သွယ် ဆက်ဆံရေးတွေတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်တယ်။ ပြီးရင်တော့ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးကိုတရုတ်အစိုးရအနေနဲ့လည်း မြန်မာအစိုးရနဲ့လက်တွဲညီ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်တယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ကုန်သွယ်ရေးစီးပွားမြှင့်တင်တဲ့အပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ နောက်တစ်ချက်ကတော့ တရုတ်-မြန်မာစီးပွားရေးစင်္ကြံပေါ့။ ဒါနဲ့ပတ်သက်ပြီးလည်း အဲဒီစီးပွားရေးစင်္ကြံမှာရှိတဲ့ စီးပွားရေးသဘောတူညီပြီးသားအချက်တွေ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံမှာ ရှိနေတဲ့စီမံကိန်းတွေ ဒါတွေကိုအမြန် အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ နှစ်ဦးနှစ်ဖက် ထပ်လောင်းပြီးတော့ အတည်ပြုခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ထောက်ခံဆောင်ရွက်သွားမယ်။ ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာလည်း သိစေချင်ပါတယ်။ ဒီတော့ ခရီးစဉ်တွေအားလုံးကို ချုံ့ပြီးပြောရရင်တော့ မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေ၊ အိမ်နီးနားချင်း တရုတ်နိုင်ငံနဲ့လည်း မြန်မာနိုင်ငံအတွက် အခွင့်အလမ်းသစ်တွေဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ ဒီအခွင့်အလမ်းသစ်တွေကို မိမိရရဆုပ်ကိုင်နိုင်ဖို့အတွက် ကျွန်တော်ပြောနေကျ စကားဖြစ်တဲ့ နံပါတ်တစ် ကျွန်တော်တို့ စည်းလုံးကြဖို့လိုတယ်။ နံပါတ်နှစ် ကျွန်တော်တို့ ခေတ်နဲ့အမီ တွေးခေါ်မြော်မြင်တတ်ဖို့ အရေးကြီးတယ်။ ကမ္ဘာကြီးမှာဒီနေ့ ဘာတွေဖြစ်နေလဲ၊ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲ၊ ကျွန်တော်တို့ မြန်မာမှာဘာတွေဖြစ်နေလဲ၊ အမှန်တရားအတိုင်းပဲ သုံးသပ်ပြီးတော့ ကျွန်တော်တို့ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့၊ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် မှန်ကန်တဲ့အတွေးအခေါ်တွေနဲ့တွေးခေါ်ဆောင်ရွက်သွားကြဖို့ အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**မေး။ လက်ရှိခရီးစဉ်မှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီးဆွေးနွေးခဲ့တာရှိတယ်။ အနာဂတ်မှာရော မြန်မာနိုင်ငံအနေနဲ့ ဒီ Nuclear စွမ်းအင်နည်းပညာကို ဘယ်လိုအသုံးချဖို့ရှိလဲ။ ဒီပြင် မြန်မာပြည်ရဲ့ လျှပ်စစ်ဓာတ်အားတိုးတက်ရေးအတွက် အသေးစား Nuclear စက်ရုံတည်ဆောက်ဖို့ စီစဉ်နေတာရှိတယ်လို့သိရပါတယ်။ အဲဒါကို ဘယ်ကာလလောက် စတင်ဖို့ရှိပါသလဲ။**

ဖြေ။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့တာရှိတယ်၊ ယခင်နှစ်ကတည်းကတိုင် MoU ပေါ့ဗျာ။ ထပ်လောင်းပြီးတော့ရေးထိုးခဲ့တာရှိတယ်၊ အဓိကကတော့ ကျွန်တော်တို့ကပထမဦးဆုံး အဏုမြူစွမ်းအင် အသုံးပြုနိုင်ဖို့အတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုံခြုံတဲ့နေရာတွေ ဆက်လက်ပြီး ရွေးချယ်သွားဖို့ရှိတယ်။ အခုလည်း ရန်ကုန်မှာ ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့ဟိုမှာ World Atomic Week Forum လုပ်နေတဲ့အချိန်မှာပဲ ရန်ကုန်မှာလည်းကျွန်တော်တို့လုပ်ခဲ့တာမျိုးရှိတယ်။ ဒီအဏုမြူစွမ်းအင်နဲ့ပတ်သက်ပြီး ကျွန်တော်အသိပေးလိုတာက အဏုမြူစွမ်းအင်ဆိုတာက လုံခြုံမှုရှိတဲ့စွမ်းအင်ဖြစ်ပါတယ်။ အဏုမြူစွမ်းအင်ဆိုတာသည် တည်ငြိမ်တဲ့ လျှပ်စစ်ကို ပေးနိုင်တဲ့စွမ်းအင်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုးတက်ဖို့ဆိုရင် ကျွန်တော်တို့ လျှပ်စစ်စွမ်းအားက ဘယ်လောက်ထိလိုတယ်ဆိုတာကို အားလုံးကသိပြီးဖြစ်လိမ့်မယ်။ လျှပ်စစ်စွမ်းအားလိုတဲ့နေရာမှာ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအင်ရရှိဖို့အရေးကြီးတယ်။ ဥပမာ – ဆိုလာကနေ လျှပ်စစ်ရမယ်။ လေကနေ လျှပ်စစ်ရမယ်။ ပြီးရင် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စက်တွေကနေ လျှပ်စစ်စွမ်းအင်တွေရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လျှပ်စစ်စွမ်းအင်ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ အမျိုးစုံပေါင်းပြီးတော့ ဆောင်ရွက်ရတာဖြစ်တယ်။ ဥပမာ ဆိုလာလျှပ်စစ်စွမ်းအင်ဆိုရင် ညဘက်မှာ မရနိုင်တော့ဘူး။ Wind Power လေစွမ်းအင်ဆိုတာလည်း လေတိုက်ခတ်မှုလျော့နည်းတဲ့အချိန်မှာ မရနိုင်တော့ဘူး။ ဒီအချိန်မှာ နိုင်ငံတစ်နိုင်ငံလုံးမှာရှိနေတဲ့ စွမ်းအင်အရင်းအမြစ်တွေ အားလုံးကအသုံးပြုပြီးတော့ လိုတဲ့ စွမ်းအင်ကို ဒီဘက်စွမ်းအင်ကဖြည့်မယ်၊ ဟိုဘက်က လိုတဲ့စွမ်းအင်ကို ဒီဘက်ကနေ ဖြည့်မယ်ဆိုတဲ့ဟာမျိုးတွေ လိုပါတယ်။

**စာမျက်နှာ ၇ သို့ ⊃**

**၁ စာမျက်နှာ ၆ မှအဆက်**

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီစွမ်းအင်သည်လည်း အစပိုင်းရင်းနှီးမြှုပ်နှံမှုက ကြီးကောင်းကြီးမယ်။ နောက်ပိုင်းမှာတော့ တည်ငြိမ်တဲ့လျှပ်စစ်စွမ်းအားနဲ့ ဖွံ့ဖြိုးတိုးတက်မှုရစေနိုင်တယ်။ ဒါကတော့ လျှပ်စစ်စွမ်းအင်နဲ့ပတ်သက်တဲ့အပိုင်းပါ။ နံပါတ်နှစ်အပိုင်းကတော့ ဒီဟာကို ဆောင်ရွက်တဲ့နေရာမှာ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ထိတွေ့လာမယ်။ Nuclear စွမ်းအင်နဲ့ပတ်သက်ပြီး သုတေသနပြုမှုတွေ၊ ဆေးဝါးဆိုင်ရာ သုတေသန ကျန်တဲ့သုတေသနတွေ အားလုံးကို ဆောင်ရွက်နိုင်မှာဖြစ်တဲ့ အတွက်ကြောင့် ဒါသည်ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လုပ်ဆောင်ရမယ့် စွမ်းအင်တစ်ခုဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ပြောလိုပါတယ်။ အသိပေးလိုပါတယ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ခရီးစဉ်အတွင်းမှာရုရှားသမ္မတကြီးနဲ့ရောကာဇက်စတန်သမ္မတကြီးနဲ့ရော တွေ့ဆုံဆွေးနွေးခဲ့တာရှိတယ်။ အဲဒီနှစ်နိုင်ငံနဲ့ အနာဂတ်မှာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု အလားအလာတွေက ဘယ်လိုဆက်ရှိနိုင်ပါသလဲ။**

ဖြေ။ နှစ်နိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုတာတွေ ပိုပြီးတိုးတက်လာမယ့် အလားအလာရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကိုလည်း သူတို့အနေနဲ့ လိုလိုလားလားကို ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်တဲ့သဘောရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့အပြန်ခရီးစဉ်မှာ ကူမင်းကိုဝင်ခဲ့တဲ့အခါမှာလည်း တရုတ်နိုင်ငံရဲ့ ကူမင်းမှာတွေ့ရှိခဲ့တဲ့ ယူနန်ပြည်နယ်အစိုးရရဲ့ ပြောကြားချက်ပေါ့နော်။ ယူနန်ပြည်နယ်အစိုးရပြောကြားချက်ဆိုတာကလည်း တရုတ်ဗဟိုအစိုးရရဲ့သဘောထားကိုပဲ ပြောကြားချက်ပဲဖြစ်ပါတယ်။ ဒါကလည်းကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အပြုသဘောဆောင်ပြီး အားကောင်းတာတွေ့ရပါတယ်။ ဒီခရီးစဉ်အားလုံးမှာ အနှစ်ချုပ်ပြောရရင် ဒီနိုင်ငံသုံးနိုင်ငံလုံးသည် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကိုကြိုဆိုတယ်။ မြန်မာပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေးအတွက် သူတို့အနေနဲ့အမြဲတမ်းအားပေးလျက်ရှိတယ်၊ ပြီးရင်ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတမ်းအားပေးလျက်ရှိတယ်။ ဒီလို အားပေးလျက်ရှိတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ နိုင်ငံအနေနဲ့ မကြာမီမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးတော့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စည်းကမ်းစနစ်ကျတဲ့ စစ်မှန်ပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူလူထုတွေအားလုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်လျှောက်လှမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံအားပေး



ပဲခူး စက်တင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအား တွေ့ဆုံအားပေးခြင်း အခမ်းအနားကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ယခင်ကတိုင်းပြည်နှင့်လူမျိုးအတွက် မိမိတို့၏အသက်ခန္ဓာကို မငဲ့ကွက်ဘဲ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသူများဖြစ်သလို ယခုအချိန်အခါတွင်လည်း မိမိတို့၏ရပ်ရွာဒေသကာကွယ်ရေးလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်သူများပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသလို စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သောဂုဏ်သိက္ခာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ တပ်မတော်နှင့်အတူ ကျေးရွာအခန်းကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၁၂၀၀ ကျော်တန်ဖိုးရှိ ပွဲပိုးပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးညီလန်းချိုက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ရန်ပုံငွေကျပ်သိန်း ၃၀ ကို လည်းကောင်း အသီးသီးပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၀:၀၀ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၅။ ၁၁:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၉။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း
၁၀။ ၁၇:၀၀ **မှတ်သားလိုက်နာပုံပမာ**
၁၁။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၁၂။ ၁၈:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၃။ ၁၈:၄၀ **မွေးမြူသုတ**
၁၄။ ၁၉:၀၀ **(၆၁)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်းကြီး အပိုင်း(၃) ဇာတ်သိမ်း**
**သရုပ်ဆောင် - ရန်အောင်၊ မေသန်းနု၊ နက္ခတ်**
**ဒါရိုက်တာ - အကယ်ဒမီတင်အောင်စိုး**
**(ပန်းမြို့တော်)**

MWD Variety Channel
၂၀-၉-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၉:၄၀ စကားလက်ဆုံ
၂။ ၁၀:၂၅ ကျန်းမာသောဘဝ
၃။ ၁၂:၁၅ ဥပဒေမှတ်စု
၄။ ၂၁:၀၅ မှတ်တမ်းအစီအစဉ်


အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး

" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"

၁.၁၀.၂၀၂၅ နေပြည်တော်




# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ဧက ၁၀၁၀၀ စိုက်ပျိုးမည်

ရွှေဘို စက်တင်ဘာ ၂၉

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ကြက်သွန်နီဧက ၁၀၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ရွှေဘိုခရိုင်၌ မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်၌ ၂၂၈၇ ဧက၊ ခင်ဦးမြို့နယ်၌ ဧက ၂၉၈၀၊ ဝက်လက်မြို့နယ်၌ ၄၅၀၃ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲ၌ ဧက ၃၃၀ တို့ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ကြက်သွန်နီဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လည်း ချိတ်ဆက်ဆောင်ရွက်ပေးတာတွေရှိတယ်”ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းကပြောသည်။

ရွှေဘိုခရိုင်၌ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့်အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၉)**

# သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ပါ

ညွန့်ဝင်း(နတ်တလင်း)

ဆရာဇော်ဂျီက "သင်သေသွားသော်" လင်္ကာကဗျာတွင် "လူ့ပြည်လောက၊ လူ့ဘဝကား၊ အိုရနာရ၊ သေရဦးမည်၊ မှန်ပေသည်တည့်" ဟု ရေးဖွဲ့ခဲ့သည်။ မှန်ပါသည်။ လူ့ဘဝကိုရလာလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် မလွဲမသွေတွေ့ကြုံရင်ဆိုင်ရမည့် အပ္ပမာဒတရားများဖြစ်ပေသည်။ ပထမအရွယ် နုနယ်စဉ်ဝယ်သန်မာခြင်း၊ ဖျတ်လတ်ခြင်း၊ ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး စိတ်သွားတိုင်းကိုယ်ပါနေတတ်သည်။ ဒုတိယအရွယ်ရင့်ကျက်စပြုလာချိန်တွင်လည်း စီးပွားရေး၊ လူမှုရေးကိစ္စအဝဝကို ကျန်းမာသန်စွမ်းစွာဖြင့် ဆောင်ရွက်နိုင်ကြသည်။ ကိုယ်စွမ်းဆောင်နိုင်လျှင် စွမ်းဆောင်နိုင်သလောက် မိသားစုတွင် အရေးပါအရာရောက်နေတတ်သည်။ သို့သော် တတိယအရွယ်အိုမင်းလာချိန်တွင်ကား စိတ်သွားတိုင်းကိုယ်မပါတော့ပေ။ အိုမင်းမစွမ်း ဇရာလွှမ်းသောအချိန်၌ အရာရာတွင် သူတစ်ပါးကို ကိုယ်က တစ်ဖန်ပြန်လည်အားကိုးရသော အခြေအနေသို့ ရောက်သွားရသည်။

အသက်အရွယ်အိုမင်းလာချိန်တွင် မိသားစုအတွက် မိမိ၏လုပ်အားစွမ်းရည်များ မပေးနိုင်တော့သဖြင့် လူ့လောက လူ့အသိုင်းအဝိုင်းအပြင်ဘက်သို့ တစ်စတစ်စ ရောက်မှန်းမသိရောက်သွားလေတော့သည်။ သားသမီးများရှိလျှင်လည်း အိမ်မှာအားငယ်စွာနေကြရသည်။ အရွယ်ကောင်းစဉ်ကလို သားသမီးတို့ကို ဩဇာအပြည့်နှင့်စီမံခန့်ခွဲနိုင်မှုမရှိတော့ဘဲ သားသမီးများထားသလိုသာနေရလေသည်။ သားထောက်သမီးခံကောင်းပြီး ပစ္စည်းဥစ္စာပြည့်စုံသူတို့မှာ သာယာချမ်းမြေ့စွာ နေထိုင်နိုင်ကြသော်လည်း သားထောက်သမီးခံမရှိ၊ ရှိသည့်သားသမီးကမလိမ္မာ၊ ပစ္စည်းဥစ္စာကလည်း မပြည့်စုံကြသူတို့ကား စားရမဲ့နေရမဲ့ဘဝဖြင့် ဆင်းရဲဒုက္ခရောက်ရလေတော့သည်။

ပစ္စည်းဥစ္စာပြည့်စုံသူတို့မှာလည်း ဒုက္ခအလွန်အမင်းမရောက်သည့်တိုင် မိမိခန္ဓာကိုယ်ကို မိမိကောင်းစွာမသယ်နိုင်၊ မိမိစိတ်ဆန္ဒအတိုင်း စိတ်သွားရာကိုယ်မပါသည့်အခါ စိတ်ဆင်းရဲမှုဒုက္ခကြုံရသည်။ ထိုအချိန်မျိုးတွင် မိမိကိုယ်ကိုတရားဓမ္မနှင့်ဖြေနိုင်လျှင်ဖြေ၊ မဖြေနိုင်လျှင်ကား စိတ်ဖိစီးနှိပ်စက်မှုကို ခံစားရလေတော့သည်။ အများ၏အလယ်တွင်လည်း မိမိကိုယ်ကိုလူပိုကြီးသဖွယ်၊ ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ထင်မှတ်လာကာ အားငယ်နေတတ်သည်။ သားသမီးများက ဂရုမစိုက်ဘဲ မလေးမစားပြုမူဆက်ဆံခြင်း၊ ပစ်ပယ်ထားခြင်းများခံရသည့်အခါ မကျေနပ်မှုများဖြင့် ဒေါသစိတ်တို့ ပွားနေရရှာတော့သည်။

ကမ္ဘာအရပ်ရပ်တွင် စက်မှုနှင့်နည်းပညာများ တိုးတက်ထွန်းကားလာသော ယနေ့ခေတ်တွင် ချမ်းသာသောနိုင်ငံကြီးများတွင်လည်း သား၊ သမီး၊ မြေး၊ မြစ်တို့က လူမှုအသိုင်းအဝိုင်းဝယ် ခေတ်နှင့်အညီ ပညာရေး၊ စီးပွားရေးလုပ်ငန်းများကို ကြိုးစားရှာဖွေဆောင်ရွက်နေရသဖြင့် ဘိုးဘွားမိဘတို့ကို ခြေဆုပ်လက်နယ်အချိန်ပေးမပြုစုနိုင်တော့ချေ။ လူမှုအသိုင်းအဝိုင်းတွင် အများနည်းတူ အဆင့်မီအောင် နေထိုင်ဝင်ဆံ့နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းနေရသည်နှင့်ပင် သက်ကြီးရွယ်အိုမိဘတို့ဘက် ပြန်လှည့်မကြည့်နိုင်တော့ပေ။ "နေကောင်းရဲ့လား၊ အိပ်ပျော်ရဲ့လား၊ စားကောင်းရဲ့လား" ဟုပင် နွေးထွေးပျူငှာစွာ မမေးဖြစ်မပြောဖြစ်ကြပေ။ ဘိုးဘွားတို့ခမျာမှာ နေထိုင်မကောင်းဖြစ်သည့်အခါ၊ ဆေးရုံဆေးခန်းရောက်ရသည့်အခါ အနီးကပ်ပြုစုမည့်သူမရှိ၊ ဆရာဝန်၊ ဆရာမတို့၏ အလှည့်ကျပြုစုစောင့်ရှောက်မှုကိုသာ အားကိုးရလေသည်။ ကမ္ဘာ့ထိပ်သီးချမ်းသာသောအမေရိကန်၊ ဂျပန်နိုင်ငံတို့လိုနိုင်ငံများတွင် သက်ကြီးရွယ်အိုတို့မှာ အခြေအနေပိုဆိုးသည်။ ဘိုးဘွားတို့သည် ကန္တာရလွင်တီးခေါင်တွင် အဖော်မပါဘဲ လျှောက်လှမ်းရသည့်ဘဝမျိုးကို ဖြတ်သန်းကုန်လွန်နေရသည်။ ဤနေရာတွင် မြန်မာ့လူမှုအသိုင်းအဝိုင်းက တော်ပေသေးသည်ဟုဆိုရမည်။ လိမ္မာယဉ်ကျေးသောသားသမီး၊ လူငယ်လူရွယ်များက ဘိုးဘွားမိဘသက်ကြီးရွယ်အိုများကို ဂါရဝ၊ နိဝါတတရားဖြင့်ပြုစုစောင့်ရှောက်ရမည်ဟူသော ပင်ကိုအသိစိတ်ဓာတ်ဖြင့် ဖေးမပြုစုကြသည်မှာ သာဓုခေါ်စရာဖြစ်သည်။

ယခုအခါ ကမ္ဘာ့လူဦးရေသန်း ၆၀၀၀ ကျော်အနက် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုဦးရေမှာ သန်း ၉၉၀ ကျော်ရှိနေသဖြင့် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ရှိနေသည်ဟုဆိုသည်။ ယင်းအခြေအနေနှင့်တွက်ဆ၍ လာမည့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် သက်ကြီးရွယ်အိုပမာဏသည် ကမ္ဘာ့လူဦးရေ၏ ၂၁ ဒသမ ၄ ရာခိုင်နှုန်းရှိလာနိုင်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ခန့်မှန်းထားသည်။ ထိုခန့်မှန်းရာခိုင်နှုန်းအရ လူငါးဦးလျှင် တစ်ဦးသည် သက်ကြီးရွယ်အိုဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ၏စာရင်းဇယားများအရ ကမ္ဘာ့သက်ကြီးရွယ်အိုများ၏ လေးပုံသုံးပုံသည် စားဝတ်နေရေးအကျပ်အတည်း ဒုက္ခနှင့်ကြုံတွေ့နေရကြောင်း သိရသည်။ အချို့ဘိုးဘွားများသည် သူတစ်ပါးအိမ်တွင် ကြမ်းတိုက်၊ တံမြက်လှည်းကြရသည်။ အချို့မှာ ထမင်းတစ်လုတ်ရေတစ်မှုတ်အတွက် စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များတွင် စားပွဲထိုး၊ ပန်းကန်ဆေးအလုပ်ကိုလုပ်နေကြရသည်။ နေထိုင်တည်းခိုစရာဟူ၍ အတည်တကျမရှိဘဲ ကြုံရာလမ်းဘေး၊ ပလက်ဖောင်း၊ ဘူတာများတွင်အိပ်စက်ကြရသည်။ အချို့မှာ အလုပ်ပင် မလုပ်နိုင်တော့ဘဲ လမ်းတကာတွင် ကတုန်ကယင်နှင့်လမ်းလျှောက်လှည့်လည် တောင်းရမ်းစားရသည်အထိရှိနေသည်။ ထိုထိုသော သက်ကြီးဘိုးဘွားများ ကျန်းမာရေးချွတ်ယွင်းခဲ့သော် အခြေအနေမှာ မတွေးဝံ့စရာပင်ဖြစ်သည်။ ထို့ကြောင့် သက်ကြီးဘိုးဘွားတို့အတွက် ဂရုတစိုက်ပြုစုစောင့်ရှောက်ပေးမှုလိုအပ်သည်မှာ အမှန်ပင်ဖြစ်သည်။

ထိုအချက်ကို သတိပြုမိသော ကုလသမဂ္ဂအဖွဲ့ကြီးက (၅၂) ကြိမ်မြောက်ညီလာခံတွင် သက်ကြီးရွယ်အိုများကိုမေတ္တာ၊ ကရုဏာ၊ စေတနာများဖြင့် ဖေးမစောင့်ရှောက်သင့်ကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။ (၃၅) ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မရှင်ကလည်း ထိုအချက်ကို ထောက်ခံသဖြင့် ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်အဖြစ် သတ်မှတ်ခဲ့ကြပြီး အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ကြေညာကာ တပ်လှန့်နှိုးဆော်ခဲ့သည်။ ထိုသို့ ကုလသမဂ္ဂ၏ တပ်လှန့်နှိုးဆော်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အသိစိတ်ဓာတ်များဝင်လာကြပြီးလျှင် စင်ကာပူနိုင်ငံ၌ သက်ကြီးရွယ်အိုများကို ဘိုးဘွားရိပ်သာသို့မပို့စေဘဲ တတ်နိုင်သမျှ အိမ်တွင်သာ ပြုစုစောင့်ရှောက်ကြရန် တစ်နိုင်ငံလုံးတပ်လှန့်နှိုးဆော်ခဲ့ပြီး ဘိုးဘွားမိဘများအား မပြုစုသူများကို အရေးယူရန်စီစဉ်ခဲ့သည်။ တရုတ်ပြည်တွင်လည်း သက်ကြီးရွယ်အိုများအတွက် နေ့ဘက်ပြုစုစောင့်ရှောက်ရေးဌာန ၁၁၀၀၀ ဖွင့်လှစ်ကာ အထောက်အကူပြုအဖွဲ့ပေါင်းတစ်သိန်းငါးသောင်းကျော် ထူထောင်ထားကြောင်းသိရသည်။ မြန်မာနိုင်ငံတွင်မူ အသက် ၆၀ နှင့်အထက် ဘိုးဘွားဦးရေမှာ ၄ ဒသမ ၇ သန်းကျော်ရှိနေပြီး ထိုအထဲတွင် သားထောက်သမီးခံမရှိသူများ၊ ဆွေမျိုးသားချင်းနည်းသူများ ပါဝင်လျက်ရှိသည်။ အချို့ဘိုးဘွားများမှာ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်နိုင်သော်လည်း အချို့မှာ ဝင်ငွေပုံမှန်မရှိဘဲ မကျန်းမမာဖြစ်သည့်အခါ ကူညီစောင့်ရှောက်မှုလိုအပ်သူများဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အိုများအတွက် ပြဿနာမှာသိပ်မကြီးလှပေ။ အဘယ်ကြောင့်ဆိုသော် သက်ဆိုင်ရာ သား၊ သမီး၊ မြေး၊ မြစ်များက မိမိတို့၏ ဘိုးဘွားမိဘများကို တန်ဖိုးထားပြုစုစောင့်ရှောက်သော မိသားစုစနစ်ဖြင့် နေထိုင်ကြသဖြင့် ဆင်းရဲဒုက္ခရောက်သူ သက်ကြီးဦးရေနည်းပါးလှသည်။ မြန်မာ့လူမှုစနစ်ကား မွန်မြတ်ကောင်းမွန်၍ သာဓုခေါ်ထိုက်သောစနစ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ ပျော်ရွှင်ရေး၊ လူမှုရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် ဌာနများလည်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ အဘွားဒေါ်ဦးဇွန်းက ၁၉၁၅ ခုနှစ်တွင် ဘိုးဘွားများနားခိုရာ ဘိုးဘွားရိပ်သာကိုစတင်တည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုနောက်ပိုင်းတွင် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာများ အသီးသီးပေါ်ပေါက်လာသည်။ အခြားအဖွဲ့အစည်းများ၊ အလှူရှင်များကလည်း သက်ကြီးဘိုးဘွားတို့ထံ အိမ်တိုင်ရာရောက်သွားရောက်၍ စားဝတ်နေရေး၊ ကျန်းမာရေးတို့ကို လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်ကလည်း သက်ကြီးဘိုးဘွားတို့ကို ငွေကြေးထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးနေသည်။

လောကဤရွာလူ့ကမ္ဘာတွင် လူ့ဘဝကိုရရှိလာပါက အသက်အရွယ်တဖြည်းဖြည်းကြီးရင့်အိုမင်းလာရသည်မှာ ဓမ္မတာဖြစ်သည်။ ငယ်ရွယ်နုပျိုစဉ်က ကိစ္စအဝဝကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သော်လည်း ကြီးရင့်အိုမင်းလာသည့်အခါ မစွမ်းဆောင်နိုင်တော့သည်မှာလည်း ဓမ္မတာပင်ဖြစ်ပေသည်။ သို့သော် ထိုသို့အလုပ်တာဝန်မထမ်းဆောင်နိုင်တော့သော မိဘဘိုးဘွားအရွယ်သက်ကြီးရွယ်အိုတို့ကို လူငယ်လူရွယ်တို့က ပစ်ပယ်မထားသင့်ပေ။ ထိုသက်ကြီးရွယ်အိုတို့သည် ငယ်ရွယ်နုပျိုစဉ်က မိသားစုတာဝန်၊ လူ့အဖွဲ့အစည်းတာဝန်၊ နိုင်ငံ့တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့သူများဖြစ်သည်ဟူသောအသိဖြင့် သူတို့၏ကျေးဇူးတရားကိုမမေ့ဘဲ စေတနာ မေတ္တာအပြည့်ဖြင့် ပြန်လည်ဖေးမသင့်ပေသည်။ သက်ကြီးရွယ်အိုများသည် ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်မှုများ လျော့ပါးသွားသော်လည်း သူတို့တွေ့ကြုံခဲ့သော အဖိုးတန်အတွေ့အကြုံများနှင့် အကြံဉာဏ်များကို ပေးစွမ်းနိုင်သည်။ လူငယ်လူရွယ်တို့က သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်လျက် ၎င်းတို့ထံမှ ထိုအဖိုးတန်အတွေ့အကြုံနှင့် အကြံဉာဏ်ကောင်းများကို ရယူသင့်သည်။ သို့ဆိုလျှင် ကမ္ဘာတစ်ဝန်းမှ သက်ကြီးရွယ်အိုများသည် ဘဝလက်ကျန်ခရီးကို မပင်မပန်းဘဲ ချမ်းမြေ့သာယာစွာ ဖြတ်သန်းနိုင်ကြပြီး လူငယ်တို့သည်လည်း အောင်မြင်ပျော်ရွှင်သော ဘဝအဆောက်အအုံကို တည်ဆောက်နိုင်ကြမည်ဖြစ်ပေသည်။ ။

**❖ အလုပ်တာဝန်မထမ်းဆောင်နိုင်တော့သော မိဘဘိုးဘွားအရွယ် သက်ကြီးရွယ်အိုတို့ကို လူငယ်လူရွယ်တို့က ပစ်ပယ်မထားသင့်ပေ။ ထိုသက်ကြီးရွယ်အိုတို့သည် ငယ်ရွယ်နုပျိုစဉ်က မိသားစုတာဝန်၊ လူ့အဖွဲ့အစည်းတာဝန်၊ နိုင်ငံ့တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့သူများဖြစ်သည်ဟူသောအသိဖြင့် သူတို့၏ကျေးဇူးတရားကိုမမေ့ဘဲ စေတနာ မေတ္တာအပြည့်ဖြင့် ပြန်လည်ဖေးမသင့်ပေသည်။ သက်ကြီးရွယ်အိုများသည် ရုပ်ပိုင်းဆိုင်ရာစွမ်းဆောင်မှုများ လျော့ပါးသွားသော်လည်း သူတို့တွေ့ကြုံခဲ့သော အဖိုးတန်အတွေ့အကြုံများနှင့်အကြံဉာဏ်များကို ပေးစွမ်းနိုင်သည်။ လူငယ်လူရွယ်တို့က သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်လျက် ၎င်းတို့ထံမှ ထိုအဖိုးတန်အတွေ့အကြုံနှင့် အကြံဉာဏ်ကောင်းများကို ရယူသင့်သည်။**

## မိတ္ထီလာမြို့နယ်၌ ဝါမျိုးစုံစိုက်ဧက ၇၄၉၃ ဧက အောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဝါမျိုးစုံစိုက်ဧက ၇၄၉၃ ဧကစိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား တစ်ဧကအထွက်တိုး၍ ဝင်ငွေတိုးနိုင်သည့်ဝါသီးနှံကို စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၏အနီးကပ်ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဝန်ထမ်းများက လိုအပ်သည့်နည်းပညာများပံ့ပိုးကူညီ၍ ဒေသခံတောင်သူများက အထွက်နှုန်းကောင်းသည့် ချည်မျှင်ရှည်ဝါနှင့် မလှိုင်ဝါ(ချည်မျှင်တို)ကို မိုးဦး၊ မိုးလယ်နှင့်မိုးနှောင်းကာလတို့တွင် စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ မိုးကာလတွင် ချည်မျှင်ရှည်ဝါ စိုက်ဧက ၇၄ ဧက၊ မိုးနှောင်းကာလတွင် ချည်မျှင်ရှည်ဝါ စိုက်ဧက ၇၀၂၆ ဧကနှင့် မလှိုင်ဝါ(ချည်မျှင်တို) စိုက်ဧက ၃၉၃ ဧကတို့ စိုက်ပျိုးထားရှိကြောင်း သိရသည်။

(ဖဝ၂)

## ရာပြည့်ပွဲတော်နှင့် အာစရိယပူဇော်ပွဲကျင်းပ




**ပင်လုံ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ အမှတ် (၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ရာပြည့်ပွဲတော်နှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ ထို့နောက် ပင်လုံမြို့အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုး၊ ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာမြင့်၊ လွိုင်လင်ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးနှင့်တာဝန်ရှိသူများက ရာပြည့်ပွဲတော်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ် မိုးပျံပူဖောင်း ၁၀၀ လုံးကို လွှတ်တင်ကြသည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဒေါက်တာမြင့်မြင့်အေးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသားဟောင်းတစ်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်တစ်ဦးတို့က ရာပြည့်ပွဲတော်ကျင်းပရခြင်းနှင့် ကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေစင်ဝင်းက အလှူရှင်များနှင့် ကျောင်းသားဟောင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာအကအလှများဖြင့် အသီးသီးဖျော်ဖြေတင်ဆက်ကြပြီး ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ကြသည်။

အဆိုပါရာပြည့်ပွဲတော် အတွင်း ဧည့်ပရိသတ်များအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးရောင်းချခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြောင်း သိရသည်။

(၄၁၄)

## ဘဝချမ်းသာ အခွင့်အရေးများရရှိရေး သက်ကြီးသူများဦးဆောင်ပါဝင်ပေး

❖ ဘဝတာ ခရီးလမ်း
ဖြတ်သန်းရင်း ကြီးပြင်းလာ။
မလွဲမရှောင်သာ "အရွယ်သုံးပါး" က
ကြုံငြား ကြုံမှာ။
ငယ်စဉ်တုန်း နုမျစ်စွာ
စွမ်းနိုင်ရှာ ကျေပွန်ထမ်း။
လောကဓံ အထောင်းအထုကြား
ကျော်လွှားရင်း လှမ်း။
❖ "စားဝတ်နေ" သည်ဝန်ထုပ်
လှုပ်ရှားရင်း နေ့စဉ်လျှင်။
မျှော်မှန်းရာ ဆန္ဒများနဲ့
အားထုတ်ကာပင်။
မိသားစု အရေးစုံလင်
လမ်းညှိထွင် မျောလွင့်ရင်း။
စုန်ဆန်ချီ ရွက်အလွင့်မှာ
ရွယ်ရင့်ကြီးပြင်း။
❖ ကိုယ့်ရပ်ရွာ ကိုယ့်မိသားစုနဲ့
လူမှုရေး ဘက်ပေါင်းစုံ။
ပြည့်ဝန်တာ ကျရာရွက်
ပေးဆက်ရပုံ။
ဘဝတစ်ကွေ့ ဖြစ်ပျက်ကြုံ
ပြောမကုန် မျိုးစုံစွ။
ဝါ,သဘာ သည်အကျိုးဆက်တွေကြောင့်
ရင့်ကျက်ခဲ့ရ။
❖ ရွယ်ရင့်ချိန် မသွက်လက်တော့
တက်ကြွမှုတို့ အားနည်းယိုင်။
စွမ်းဆောင်ရည် စိတ်မာန်ရှိလည်း
မထိရောက်နိုင်။
ရင့်ကျက်ဘဝ အတွေ့အကြုံပြိုင်
မှီနိုင်လိမ့် ဂုဏ်ပုဒ်များ။
သက်ကြီးသူတို့ ကောင်းမွေမဏ္ဍိုင်
ဆက်ခံပိုင်ပိုင် အလေးထား။
မပစ်ပယ်ရာ
အချစ်သွယ်ကာ အရေးထားခြင်းတွေနဲ့
လေးစားရင်း နေရာအခွင့်မှာ
"ဘဝချမ်းသာ တင့်တယ်ရစေဖို့"
"ဦးဆောင်ပါဝင် ဝင့်ထည်ရစေဖို့"
ဂါရဝ ပန်ဆင်လို့
ချမ်းမြေ့ရွှင် ဘက်စုံလှရအောင်
ဖေးမကာ စဉ်လက်ကမ်း
ဖြည့်စွမ်းစို့လား .....။ ။

**မင်းသွေးနွယ် (ဇီးကုန်း)**

## ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ ပြည်နယ်အဆင့် သင်တန်းဖွင့်လှစ်

**တောင်ကြီး စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ စက်တင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆိုင်ရာ ပြည်နယ်အဆင့် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က မိမိတို့ဆေးရုံအလိုက် ဆောင်ရွက်ပေးနေသော ကာကွယ်ဆေးထိုးလုပ်ငန်း၊ တာဝန်ချထားမှုနှင့် ကွင်းဆင်းကြီးကြပ်နိုင်မှုအခြေအနေ၊ အအေးလမ်းကြောင်းထိန်းပစ္စည်းကိရိယာများနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းသုံးကိရိယာများရရှိ/အသုံးပြုနိုင်မှုအခြေအနေ၊ မှတ်တမ်းရေးသွင်းမှုနှင့် သတင်းပေးပို့မှုအခြေအနေ၊ ကာကွယ်ဆေးထိုးနှံပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများ စောင့်ကြပ်ကြည့်ရှုမှုအခြေအနေ၊ ကာကွယ်ဆေးနှင့်ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုမှုအခြေအနေတို့ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲနှင့်သက်ဆိုင်ရာဌာနခွဲအသီးသီးကလည်း ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအကြောင်းကိုလည်း ဆွေးနွေးတင်ပြပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၁၀၄ ဦးတက်ရောက်ပြီး စက်တင်ဘာလ ၃၀ ရက်ထိ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

(၄၀၅)

**MWD Education, Knowledge & Sports Channel**

၁၀-၉-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၂၀ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၆:၄၀ | Grade – 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၆:၄၀ – ၁၇:၃၀ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၃၀ – ၁၉:၀၀ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# ဝန်ထမ်းအိမ်ရာများအသစ်တည်ဆောက်ခြင်းနှင့် ပျက်စီးခဲ့သည့်ရုံးအဆောက်အအုံများပြုပြင်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၉

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက်လေးခန်းတွဲလေးထပ်အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်နေမှုအခြေအနေ၊ ရုံးအဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် လေးခန်းတွဲလေးထပ်အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ကုမ္ပဏီအသင်းအဖွဲ့တို့မှတာဝန်ရှိသူများက အိမ်ရာစီမံကိန်းများလျာထားချက်၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ရာတွင် မြေစမ်းသပ်ခြင်းအား စနစ်တကျဆောင်ရွက်ရန်၊ အကွက်ချပုံစံကိုက်ညီမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်ရန်၊ အဆောက်အအုံများ မဂ္ဂနီကျု ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး စနစ်တကျတွက်ချက်တည်ဆောက်ရန် မှာကြားပြီး အသစ်တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုများကြီးမား၍ အန္တရာယ်ရှိသဖြင့် ဖြိုဖျက်ခဲ့ရသောဝန်ထမ်းအိမ်ရာများအတွက်လေးခန်းတွဲ လေးထပ်အဆောက်အအုံ ၂၃၀ အသစ်ပြန်လည်တည်ဆောက်ပေးရန် လျာထားရာတွင် ပထမအဆင့်အဆောက်အအုံ ၅၂ လုံး စတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် မဂ္ဂနီကျု ၈ အထိ ငလျင်ဒဏ်ခံနိုင်သောအဆောက်အအုံများအဖြစ် စနစ်တကျတည်ဆောက်လျက်ရှိသည်။

မန္တလေးငလျင်ကြီးကြောင့် အပြာရောင်အဆင့် ပျက်စီးခဲ့သောအဆောက်အအုံ ၆၈၃ လုံးရှိပြီး ပြင်ဆင်ပြီး ၆၅၄ လုံး၊ ပြင်ဆင်ဆဲ ၂၉ လုံးဖြစ်သည်။ လိမ္မော်ရောင်အဆင့် ပျက်စီးခဲ့သော အဆောက်အအုံ ၄၂၆ လုံးရှိပြီး ပြင်ဆင်ပြီး ၁၄ လုံး၊ ပြင်ဆင်ဆဲ ၄၀၅ လုံးနှင့်ဆောင်ရွက်ရန် ကျန်ရှိသည့်အဆောက်အအုံ ခုနစ်လုံးဖြစ်သည်။ အနီရောင်အဆင့် ပျက်စီးခဲ့သောအဆောက်အအုံ ၂၂၈ လုံးရှိပြီး ပြင်ဆင်ဆဲ သုံးလုံးနှင့်ပြင်ဆင်ရန် ၂၂၅ လုံးဖြစ်သည်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့် ပျက်စီးခဲ့သောအဆောက်အအုံများကိုပျက်စီးမှုအမျိုးအစားအလိုက် ပြင်ဆင်ရမည့်နည်းလမ်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအသိအမှတ်ပြုလက်မှတ်ရ (Professional Engineering – PE) (RSE) တို့ဖြင့် စနစ်တကျတွက်ချက်စစ်ဆေး၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ သွားရောက်၍ အဆောက်အအုံပြန်လည်ပြုပြင်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံ ဘေးပတ်လည် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအနေဖြင့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့ရသောနိုင်ငံပိုင်ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ အထူးအဆောက်အအုံများကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အဦစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့မှ ပညာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြင့်ပူးပေါင်း၍ ပျက်စီးမှုများစစ်ဆေးခြင်း၊ ပျက်စီးမှုအလိုက် အရောင်သတ်မှတ်၍အဆင့်ခွဲခြားခြင်း၊ ဖြိုဖျက်ရမည့်အဆောက်အအုံများသတ်မှတ်၍ ဘေးအန္တရာယ်ကင်းရှင်းစေရေး ဖယ်ရှားရှင်းလင်းခြင်း၊ အသစ်တည်ဆောက်မည့်အဆောက်အအုံများအတွက် မဂ္ဂနီကျု ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရေး ဒီဇိုင်းတွက်ချက်ရေးဆွဲခြင်း၊ အဆောက်အအုံများပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့ကို အရည်အသွေးကောင်းမွန်၍ ရေရှည်တည်တံ့စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁၀၃) သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့်ရန်ကုန်တို့တွင် ဖွင့်လှစ်သည့် အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁၀၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက နိုင်ငံတော်မှချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် ထိရောက်မှုရှိစေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်တာဝန်များကို လုပ်ရည်ကိုင်ရည်ပြည့်ဝစွာ လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်ရန်ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်အရည်အသွေး ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့်ဌာနအကျိုး သယ်ပိုးဆောင်ရွက်နိုင်ရန် ကြိုးစားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဝန်ကြီးဌာနအဖွဲ့အစည်း ၃၁ ခုမှ အလယ်အလတ်အဆင့် သင်တန်းတွင် သင်တန်းသား ၂၅၉ ဦး၊ ဝန်ကြီးဌာနအဖွဲ့အစည်း ၂၆ ခုမှ အဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၁၆၆ ဦး စုစုပေါင်း ၄၂၅ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၁၁ ရက်အထိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့်သင်တန်းသားများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တိုက်ကြီးမြို့နယ်၊ စမ်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ချောင်းစောက်ကျေးရွာအုပ်စု၊ စမ်းရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိစမ်းရွာကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# နိုင်ငံ့အရေးစဉ်မနေ့း မြော်တွေးဆောင်ရွက်ပြည်သူ့အတွက်

**ထက်မြတ်**

နိုင်ငံတော်အကြီးအကဲတစ်ဦးဖြစ်ရသည်မှာ လွယ်ကူလွန်းသည့်အလုပ်မဟုတ်တာတော့သေချာသည်။ အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် တာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်လျှင် ကိုယ့်ကိုယ်ကိုယ်တော်လှပြီဟုထင်နေမိသည်မှာ မိမိအပါအဝင် အခြားသူများစွာလည်းရှိမည်ဟုယုံကြည်သည်။ ဒါဆိုရင် မေးခွန်းတစ်ခုမေးရလိမ့်မည်။ "အိမ်ထောင်တစ်ခုကိုဘက်စုံထောင့်စုံမှတိုးတက်မှုများရရှိအောင်ဦးစီးရသည်မှာလွယ်ကူပါသလား" ဆိုသည့်မေးခွန်းဖြစ်သည်။ သေချာသည်ကတော့ "မလွယ်ကူပါ" ဟူသောအဖြေသာ လူတိုင်းနီးပါးဆီမှထွက်လာနိုင်သည်။

အိမ်ထောင်တစ်ခုကို အဘက်ဘက်မှသာယာစေဖို့အတွက် နည်းလမ်းများစွာတွေးတောရသည်။ သားသမီးရှိလျှင် ၎င်းတို့၏အနာဂတ်အတွက် ကြိုတင်တွေးမြော်ပြီး လုပ်သင့်လုပ်ထိုက်သည်များကိုဆောင်ရွက်ရသည်။ မိဘများရှိလျှင် မိဘများကို သက်သောင့်သက်သာဖြစ်အောင်ထားနိုင်ဖို့စီမံရသည်။ ဒီလိုမျိုးလုပ်နိုင်စေဖို့အတွက် အဓိကကျလှတဲ့ငွေကြေးဥစ္စာကိုလည်း ရှာဖွေစုဆောင်းရသည်။ ဒါကြောင့် အိမ်ထောင်တစ်ခုကို ထိန်းသိမ်းဖို့အတွက် အဘယ်မှာလာ၍လွယ်ကူလိမ့်မည်နည်း။

ထို့ထက်ပို၍ အဆပေါင်းများစွာခက်ခဲသည်က နိုင်ငံတစ်နိုင်ငံကို စီမံအုပ်ချုပ်ရသည့် နိုင်ငံတော်အကြီးအကဲတာဝန်ဖြစ်သည်။ အထူးသဖြင့် လူအား၊ စိတ်အားပင်ပန်းမှုကို တော်တော်လေးခံနိုင်ရည်ရှိရသည်။ ဒီလိုခက်ခဲမှုများစွာ၊ ကြိုးပမ်းအားထုတ်ရမှုများစွာရှိသည်ကိုလည်း နိုင်ငံတော်အကြီးအကဲနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားမှသာ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရသည်။

နိုင်ငံတော်အကြီးအကဲနှင့်အတူ လိုက်ပါလာခဲ့ရသည့်ခရီးစဉ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ဖြစ်သည်။ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်သို့တက်ရန်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံပြီးလျှင် ကာဇက်စတန်နိုင်ငံသို့လည်း ဆက်လက်ခရီးဆက်ရမည်ဟုသိထားသည်။ ပြည်ပခရီးစဉ်တစ်ခုကိုသွားရောက်သည်ဆိုခြင်းမှာ ကိုယ့်နိုင်ငံမှာ အသားကျနေသည့်အခြေအနေနှင့် များစွာကွဲလွဲနိုင်သည်။ ဥပမာအားဖြင့် ကိုယ့်နိုင်ငံနှင့်အချိန်ကွာဟမှုကြောင့် ခန္ဓာကိုယ်၏ဇီဝနာရီလည်ပတ်မှုကမောက်ကမဖြစ်ခြင်းကိုသည်းခံရသည်။ ရာသီဥတုမတူညီမှုကြောင့် သမမျှတမှုရှိအောင် နေရထိုင်ရသည်။ သို့သော် နိုင်ငံတော်အကြီးအကဲမှာမူကား သာမန်လူတို့ထည့်သွင်းစဉ်းစားလေ့ရှိသည့် ထိုသို့အရေးမကြီးသောအရာများကို ခေါင်းထဲမထည့်အား။ သူ၏အတွေးထဲတွင်ရှိနေသည်က နိုင်ငံတော်မှာကောင်းကျိုးများစွာ ဖြစ်ထွန်းစေဖို့အတွက် ဘာတွေလုပ်ရမည်လဲ။ ဘယ်လိုလုပ်ရမည်လဲဟူသည့်အချက်များသာဖြစ်သည်။





နိုင်ငံတော်အကြီးအကဲဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့သွားရန် စက်တင်ဘာလ ၂၄ ရက်နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ စတင်ထွက်ခွာကြသည်။ မိမိကတော့ သတင်းရယူရေးအဖွဲ့နှင့်အတူလိုက်ပါလာခြင်းဖြစ်သည်။ သတင်းရယူရေးအဖွဲ့ဖြစ်တော့ နိုင်ငံတော်အကြီးအကဲ၏လှုပ်ရှားမှုအားလုံးကို မြင်နေတွေ့နေရသည်။ စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းမှာ ရာသီဥတုက ကြည်လင်အေးမြနေသလို နိုင်ငံတော်အကြီးအကဲ၏ ခြေလှမ်းတိုင်းသည်မှာလည်း တက်ကြွဖျတ်လတ်လျက်ရှိသည်။

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုတင်ဆောင်သွားသည့် အထူးလေယာဉ်ကြီးက နေပြည်တော်လေဆိပ်ရှိပြေးလမ်းပေါ်မှ အရှိန်ပြင်းပြင်းဖြင့် ဝေဟင်ထက်ဆီထိုးတက်သွားသည်။ မြန်မာနိုင်ငံမှသည် ရုရှားနိုင်ငံ မော်စကိုမြို့အထိ လေကြောင်းအကွာအဝေးက ကီလိုမီတာပေါင်း ၄၇၀၀ နီးပါးရှိပြီး သာမန်အားဖြင့်ဆိုလျှင်တစ်ဆင့်ခံလေယာဉ်များဖြင့်သွားပါက နာရီပေါင်း ၁၅ နာရီကျော်ရှိသည်ဟု အင်တာနက်ထဲမှာဖော်ပြထားသည်။ ဒီလောက်အကွာအဝေးကိုသွားရသည်က တော်တော်လေးကိုဝေးသည့်ခရီးဟုပင်ဆိုနိုင်သည်။ သို့သော် နိုင်ငံတော်အကြီးအကဲကတော့ နိုင်ငံတော်အတွက်အကျိုးရှိစေမည်ဆိုလျှင် ခရီးဘယ်လောက်ပင်ဝေးဝေး အပြုံးတစ်ချက်မပျက် အရောက်သွားမည်ဟု စိတ်ပိုင်းဖြတ်ထားသည်ကိုမြင်တွေ့ရသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကြီးကို တင်ဆောင်လာသည့်အထူးလေယာဉ်က နေပြည်တော်မှသည် မော်စကိုမြို့သို့ တိုက်ရိုက်သွားခြင်းမဟုတ်ပေ။ ကြားတွင် ခရီးတစ်ထောက် နားရသေးသည်။ လေယာဉ်၏ကြံ့ခိုင်မှုအတွက်သာမက လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ခရီးတစ်ထောက်နားသည့်နေရာက ရုရှားနိုင်ငံ နိုဗာစီဗစ်မြို့၌ဖြစ်သည်။ လေယာဉ်ဆိုက်ရောက်ရာနေရာသို့ နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများကိုယ်တိုင် လာရောက်ကြိုဆိုနေသည်ကို လေယာဉ်ပေါ်မှပင် မြင်တွေ့နိုင်သည်။ မြန်မာနိုင်ငံနှင့် နိုဗာစီဗစ်ဒေသတို့ကြား ရှိသည့်ဆက်ဆံရေးက သာမန်မေးထူး ခေါ်ပြောဆက်ဆံရေးအဆင့်မဟုတ်သည်ကို တွေ့ရသည်။ တော်တော်လေး ခင်မင်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လက်ထက်တွင် ဆက်ဆံရေးပိုမိုကောင်းမွန်လာခြင်းဖြစ်သည်။

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကိုတင်ဆောင်လာသောလေယာဉ်ကြီးက နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်၏ ပြေးလမ်းမပေါ်သို့ တဖြည်းဖြည်းချင်း ဆင်းသက်လာသည်။ ဒီအချိန်က ရုရှားနိုင်ငံမှာ ဆောင်းဝင်ခါစအချိန်မို့ထင်သည်။ ပြင်ပမှအအေးဓာတ်က လေယာဉ်ထဲအထိပင်ဖောက်ထွင်းဝင်ရောက်လာသည်။ လေယာဉ်ပေါ်ကဆင်းဆင်းချင်း ခံစားလိုက်ရသည်က အေးမြလှသည့်လေထုပင်ဖြစ်သည်။ သော့သော့လေးတိုက်ခတ်နေသည့်လေထုထဲတွင် အအေးဓာတ်က နော့နော့လေးပါဝင်နေသည်။ နိုင်ငံတော်အကြီးအကဲကိုကြည့်လိုက်တော့လည်း လတ်ဆတ်သည့်လေထုကို အားပါးတရရှူရှိုက်ပြီး ပြုံးရွှင်သောမျက်နှာ၊ တက်ကြွသောခြေလှမ်းများဖြင့် လေယာဉ်ပေါ်မှဆင်းသွားသည်။ လေယာဉ်အောက်မှာ အသင့်စောင့်နေသူက နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲကို နိုဗာစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက လေယာဉ်နားအထိ ကိုယ်တိုင်လာရောက်ကြိုဆိုခြင်းကို မြင်တွေ့ရသည်နှင့် မြန်မာနိုင်ငံနှင့်နိုဗာစီဗစ်ဒေသတို့ကြား ရင်းနှီးချစ်ခင်မှုက ဘယ်လောက်အတိုင်းအတာအထိရှိနေမလဲဆိုသည်ကို တွက်ဆမိသည်။ ထို့ထက်ပို၍သေချာစွာတွက်ဆမိသည်က လေဆိပ်ဧည့်ခန်းမဆောင်အရောက်တွင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုဗာစီဗစ်အုပ်ချုပ်ရေးမှူးအတွက် မည်သည့်လက်ဆောင်ပစ္စည်းများယူဆောင်လာသည်ကို မိမိတို့က မသိရိုးအမှန်ဖြစ်သည်။ တကယ်တမ်းမှာ ပြင်ဆင်လာသောလက်ဆောင်ပစ္စည်းက သာမန်ကာလျှံကာမဟုတ်။ သေချာကျကျနနပြင်ဆင်လာခြင်းဖြစ်သည်ကိုတွေ့ရသည်။ လက်ဖက်အုပ်၊ **စာမျက်နှာ ၁၂ သို့**

စာမျက်နှာ ၁၂ သို့



စာမျက်နှာ ၁၁ မှအဆက်

လက်ဖက်ရည်နှင့် ငါးသလောက်ပေါင်းတို့ဖြစ်သည်။ အထူးသဖြင့် ငါးသလောက်ပေါင်းဆိုလျှင် မြန်မာတွေအားလုံးကြိုက်ကြသည့် မြန်မာ့အစားအစာဖြစ်သည်။ အခုတော့ ရုရှားတို့သည်လည်း ငါးသလောက်ပေါင်းကို ကြိုက်သွားကြလေပြီ။

မိမိတို့စီးလာသည့်အထူးလေယာဉ်ကြီးက နိုဗာစီဗစ်မြို့ သာမာရှယ်ဗာလေဆိပ်မှတစ်ဖန် ပြန်လည်၍ ဝေဟင်ထက်သို့ထိုးတက်သွားပြန်သည်။ ယခုတစ်ခေါက်မှာကား မော်စကိုမြို့သို့ ဦးတည်ပျံသန်းလာခြင်းဖြစ်သည်။ အချိန်အားဖြင့် ညနေစောင်းနေပြီဖြစ်သည်။ ညနေစောင်းနေပြီ ဖြစ်သော်လည်း ပတ်ဝန်းကျင်တွင်မူ အရာအားလုံးကို ရှင်းရှင်းလင်းလင်းသဲသဲကွဲကွဲမြင်နေရသေးသည်။ မော်စကိုမြို့ ဘနူကာဘာအပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုရောက်တော့ ညပိုင်းပင်ဖြစ်နေပြီ။ သို့သော် ပတ်ဝန်းကျင်ကား နေ့ခင်းကကဲ့သို့ လင်းလင်းကျင်းကျင်းရှိနေဆဲပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏မျက်နှာသည်လည်း နေပြည်တော်လေဆိပ်က ထွက်လာသကဲ့သို့ပင် ပြုံးရွှင်တက်ကြွမှုတို့အပြည့်ရှိနေဆဲပင်။ ဒီနေ့အတွက် အချိန်ဇယားက မော်စကိုမြို့မှာလုပ်ရမည့် မည်သည့်ကိစ္စမျှမရှိ၍ ကိုယ်စီကိုယ်စီအနားယူကြပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲမှာမူကား နောက်တစ်နေ့လုပ်ရမည့် အရာများအတွက် ကြိုတင်ပြင်ဆင်နေသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက် နံနက်ခင်းလေးမှာတော့ ရာသီဥတုက အုံ့မှိုင်းခြင်းနှင့် အေးမြခြင်းဟူသောခံစားချက်ကိုပေးနေသည်၊ သာမန်အားဖြင့်ဆိုရင် ထိုအခြေအနေက အိပ်လို့ကောင်းလိုက်မည့်ဖြစ်ခြင်း။ သို့သော် နိုင်ငံတော်အကြီးအကဲသည် ယနေ့လုပ်ရမည့်အလုပ်များ၊ ပြောရမည့်စကားများအတွက် အသင့်ဖြစ်နေပြီဖြစ်သည်။ ထို့နောက် နိုင်ငံတော်အကြီးအကဲက “လူငယ်နှင့်အနာဂတ် မြန်မာ – သိပ္ပံနှင့်နည်းပညာ” ခေါင်းစဉ်ဖြင့် ကျင်းပသော သိပ္ပံပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့သွား၍ တက်ရောက်အမှာစကားပြောသည်။ အမှာစကားပြောရာတွင်လည်း လူကြီးတစ်ဦးက လူငယ်များကို အပေါ်စီးမှ တင်တင်စီးစီးဖြင့်ပြောခြင်းမျိုးမဟုတ်ဘဲ လူကြီးနှင့် လူငယ်အပြန်အလှန်ဆွေးနွေးမှုပုံစံမျိုး၊ လူကြီးတစ်ဦးက အတွေ့အကြုံကိုအခြေခံသည့် သိမြင်မှုများကို လူငယ်များထံသို့ လက်ဆင့်ကမ်းပေးသည့်ပုံစံမျိုး၊ နောင်တစ်ချိန်တွင်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ပေးနေသည့်ပုံစံမျိုးဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ လာတက်သော ကျောင်းသားများကို ဟန်ဆောင်မှုမပါတဲ့ တကယ့်ကိုမေတ္တာတရားဖြင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဒီနေရာမှာ နိုင်ငံတော်အကြီးအကဲတစ်ဦးအနေဖြင့် ခေတ်ကိုမျက်ခြည်မပြတ်မှု၊ နည်းပညာကိုအကျွမ်းတဝင်ရှိမှု၊ အနာဂတ်ကိုပဲ့ကိုင်လာမည့် နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်များအပေါ် မည်မျှအထိအားထားနေမှုတို့ကိုမြင်တွေ့ရသည်။ “ယနေ့လူငယ်၊ နောင်ဝယ်လူကြီး” ဆိုသည့်အတိုင်းပင် မိမိတို့၏နိုင်ငံတော်ကြီး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယနေ့လူငယ်များကို လူ့စွမ်းအားအရင်းအမြစ်တစ်ခုအဖြစ် မွေးမြူနိုင်မှသာ၊ ထိုလူငယ်များကလည်း ၎င်းတို့တတ်သိထားသည့်ပညာရပ်များဖြင့် နိုင်ငံတော်ကောင်းကျိုးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်မှသာ၊ လူ့စွမ်းအားအရင်းအမြစ်များကို ထပ်မံမွေးထုတ်ပေးနိုင်မှသာ အောင်မြင်မှုပန်းတိုင်ကို လှမ်းယူဆုပ်ကိုင်နိုင်မည်မဟုတ်ပါလား။

နေ့ခင်းပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံကကြီးမှူးကျင်းပသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်သို့တက်ရောက်လာသည်။ ဒီဖိုရမ်က ယခုနိုင်ငံတော်အကြီးအကဲ၏ခရီးအတွက် အဓိကကျသော အကြောင်းအရာဖြစ်သည်။ ဖိုရမ်ကိုပါဝင်တက်ရောက်သူများမှာ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ်၊ နျူကလီးယားစွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ရုရှား၊ မြန်မာ၊ ဘယ်လာရုစ်၊ အာမေးနီးယား အစရှိသည့်နိုင်ငံများမှ ခေါင်းဆောင်များအပြင် နျူကလီးယားဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်များဖြစ်သည်။

မိမိတို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖြစ်သည်။ နိုင်ငံအတွင်းလိုအပ်သည့်လျှပ်စစ်ဓာတ်အားကိုထုတ်လုပ်နိုင်ရေးအတွက်နျူကလီးယားစွမ်းအင်ကသာ အခရာအကျဆုံးဖြစ်သည်ကိုယခင်သုတေသနများ၊ လေ့လာချက်များအရတွေ့ရသည်။ နျူကလီးယားစွမ်းအင်ကိုအသုံးပြုရာတွင်လည်း ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့်သာ အသုံးပြုသွားရမည်ဖြစ်သည်။ ထို့ပြင် နျူကလီးယားအသုံးပြုနိုင်သည့် အခြားသောနယ်ပယ်များစွာလည်းရှိသေးသည်။ ဥပမာအားဖြင့် ဆေးဘက်ဆိုင်ရာနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာတို့တွင် နျူကလီးယားကိုအသုံးပြုခြင်းကြောင့်အကျိုးရှိသောတီထွင်ဆန်းသစ်မှုများစွာ ထွက်ပေါ်လာခြင်းဖြစ်သည်၊ အခုဆိုရင်မြန်မာနိုင်ငံက အငယ်စားနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကိုတည်ဆောက်ဖို့အတွက် ပြင်ဆင်မှုများလုပ်ဆောင်နေပြီဖြစ်သည်။ အဓိကအားဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းလက်တွဲလုပ်ဆောင်ခြင်းဖြစ်သည်။ ထို့အတူ အခြားသောနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီတို့ကလည်း မြန်မာနိုင်ငံကိုကူညီပေးရန် နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားမေတ္တာရပ်ခံကြောင်း မိန့်ခွန်းတွင်ထည့်သွင်းပြောခဲ့သေးသည်။ ဒါသည်လည်း နိုင်ငံတော်အတွက်ပါလား ဟု မိမိကတော့ယုံကြည်မိသည်။

ဖိုရမ်ပြီးတော့ ညဘက်ကိုပင်ရောက်နေပြီဖြစ်သည်၊ သို့သော် နိုင်ငံတော်အကြီးအကဲမှာ အနားယူဖို့အတွက်မစဉ်းစားသေး။ အရေးအကြီးဆုံးသော အလုပ်တစ်ခုလုပ်ရန်ကျန်ရှိနေသေးသည်။ ထိုအလုပ်ကား ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့်တွေ့ဆုံခြင်းဖြစ်သည်။ နိုင်ငံ့ခေါင်းဆောင်နှစ်ဦးကြား တွေ့ဆုံမှုက သာမန်တွေ့ဆုံမှုထက်ပင် သာလွန်နေသေးသည်။ သူတို့၏မျက်နှာတွင်ပေါ်လွင်နေသည့်အပြုံးပန်းများက ရင်တွင်းခံစားချက်အစစ်အမှန်ကို ထင်ဟပ်စေသည်။ ရုရှားနိုင်ငံသမ္မတကလည်း ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံတွေ့ဆုံသည့်အပြင် နှစ်နိုင်ငံကြားဆက်ဆံရေးကို ယခုထက်ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးမှုများလုပ်ခြင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ရရှိထားသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အသေးစိတ်ဆွေးနွေးခြင်းတို့ကြောင့် တကယ်ပင်ကျေးဇူးတင်ရပေသည်။ မြန်မာနိုင်ငံအတွက် ယခုလိုမျိုးဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းများပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ မဆုတ်မနစ်ကြိုးစားအားထုတ်မှုကြောင့်ပင်ဖြစ်သည်။

စက်တင်ဘာလ ၂၅ ရက်အတွက်ခရီးစဉ်ကတော့ ဟိုတယ်မှာပြန်နားဖို့သာရှိတော့သည်။ ဟိုတယ်သို့ပြန်ရောက်သော်လည်း နိုင်ငံတော်အကြီးအကဲမှာ မနားအားသေး။ သူနှင့်အတူလိုက်ပါလာသူတစ်ဦးချင်းစီတိုင်းကို အဆင်ပြေရဲ့လားဟုမေးကာ လိုအပ်သည်များကိုဖြည့်ဆည်းပေးပြန်သည်။ နိုင်ငံတော်အကြီးအကဲဖြစ်သည်နှင့်အညီ နိုင်ငံတော်ကြီးတစ်ခုလုံးအတွက်ကောင်းကျိုးကို ဦးနှောက်ထဲထည့်ထားရုံသာမက တပည့်သားသမီးများ၏ အခြေအနေကိုလည်း မေးမြန်းစူးစမ်းကာ စိတ်ပူပေးတတ်ပြန်သေးသည်။ ပြီးနောက်မိမိတို့တစ်တွေက ကိုယ်စီအနားယူနေကြပြီဖြစ်ပေမယ့် နိုင်ငံတော်အကြီးအကဲကတော့ နောက်တစ်နေ့အတွက် လုပ်ရမည့်အချိန်ဇယားများကိုကြည့်ကာ အစီအစဉ်ဆွဲနေပြန်သေးသည်။

စက်တင်ဘာလ ၂၆ ရက်မှာ နံနက်ခင်းနေရောင်ခြည်က အအေးဓာတ်ကြားထဲမှ နွေးနွေးထွေးထွေးလေးဖြာကျနေသည်။ နံနက်မိုးသောက်သည်နှင့် ပြတင်းတံခါးကိုဖွင့်လိုက်ချိန် ရရှိလိုက်သည့်ကြည်နူးမှုက စည်းစိမ်ဥစ္စာများဖြင့်ပင် မလဲနိုင်ရလောက်အောင် တန်ဖိုးကြီးမားလှသည်။ ကိုယ်တွေကသာ အငယ်ပီပီဖြင့် သဘာဝ၏အလှတရားကိုခံစားနေချိန် နိုင်ငံတော်အကြီးအကဲကတော့ နိုင်ငံ့အကျိုးအတွက် နောက်ထပ်တွေ့ဆုံမှုတစ်ခုဆီ သွားဖို့အသင့်ဖြစ်နေပြီဖြစ်သည်။ ဒီတစ်ခေါက်သွားမည့်နေရာက ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) သို့ဖြစ်သည်။ မြန်မာနိုင်ငံက အငယ်စားနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ရေးအတွက် အဓိကလက်တွဲထားသည့်အဖွဲ့အစည်းမှာ ROSATOM ဖြစ်သည်။ မြန်မာနိုင်ငံက နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို ROSATOM မှ တာဝန်ရှိသူများနှင့်အတူ လက်မှတ်ထိုးကြသည်။



ROSATOM ဆိုသည်မှာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှအဆက်

နှစ်ပေါင်းများစွာကြာ အကျိုးရှိရှိအသုံးချနိုင်နေသည့် ကမ္ဘာ့ထိပ်တန်းစီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည်။ ထိုသို့သောစီးပွားရေးလုပ်ငန်းစုနှင့် မြန်မာနိုင်ငံက ပူးပေါင်းလက်တွဲဆောင်ရွက်ရသည်မှာ အင်မတန်မှပင် အကျိုးကျေးဇူးများလှသည်ဟုဆိုရမည်ဖြစ်သည်။ ထိုသို့လက်တွဲဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံက နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုခွင့်ရရှိမည်။ မြန်မာနိုင်ငံမှ လူငယ်များသည်လည်း နျူကလီးယားစွမ်းအင်ကို အသုံးချမှုနှင့်ပတ်သက်၍ ပညာရပ်များစွာကို လေ့လာဆည်းပူးနိုင်မည်။ ထိုလူငယ်များက အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ ဒီလိုမျိုးစီးပွားရေးလုပ်ငန်းစုကြီးနှင့် ပူးပေါင်းလက်တွဲကာ မြန်မာနိုင်ငံအတွက် အကျိုးရှိစေမည့်အခွင့်အလမ်းကောင်းများစွာကို ဖော်ထုတ်နိုင်ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ ကိုယ်တိုင်ကိုယ်ကျကြိုးစားအားထုတ်မှုကြောင့်ပင်ဖြစ်သည်ဆိုသည့် အချက်မှာမူ မငြင်းနိုင်သည့်အမှန်တရားပင်ဖြစ်သည်။

အနာဂတ်တွင် ရေပြင်၊ မြေပြင်၊ ဝေဟင်သည်သာမက အာကာသသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခုအဖြစ်တည်ရှိလာမည်ဖြစ်သည်။ အထူးသဖြင့် အာကာသထဲမှနေ၍ ကမ္ဘာမြေကို စောင့်ကြည့်မှုက အင်မတန်အရေးပါလာမည်ဖြစ်သည်။ အခုဆိုရင် မုန်တိုင်းများဖြစ်ပေါ်မည်ဆိုသည်ကို ရက်ပေါင်းများစွာအလိုကတည်းက ကြိုတင်ခန့်မှန်းနိုင်နေပြီဖြစ်သည်။ ထိုသို့ကြိုတင်ခန့်မှန်းနိုင်မှုကြောင့် လူ့အသက်ပေါင်းများစွာချမ်းသာရာရနေသည်။ ယင်းကဲ့သို့သောကောင်းကျိုးဖြစ်လာစေရေးအတွက် အကြောင်းရင်းတစ်ခုက အာကာသကိုအသုံးချကာ ဂြိုဟ်တုများလွှတ်တင်စောင့်ကြည့်နိုင်ခြင်းကြောင့်ဖြစ်သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံက ဝယ်ယူလွှတ်တင်ထားသည့် ဂြိုဟ်တုတချို့ရှိသည်။ မကြာသေးခင်ကပင် မြန်မာအာကာသအေဂျင်စီကိုတည်ထောင်ထားသည်။ ထိုသို့တည်ထောင်ခြင်းမှာလည်း နိုင်ငံတော်အကြီးအကဲ၏ ရှေ့ရေးမြော်တွေးလုပ်ဆောင်မှုကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့် ရုရှားနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိနေသည့် နိုင်ငံတော်အကြီးအကဲက ROSATOM မှအပြန်တွင် ROSCOMOS သို့ သွားရောက်သည်။ ROSCOMOS ဆိုသည်မှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အာကာသလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ရုရှားနိုင်ငံ၏အာကာသရေးရာကိစ္စရပ်များကို အဓိကကိုင်တွယ်ဆောင်ရွက်နေသည့် လုပ်ငန်းကြီးတစ်ခုလည်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက ROSCOMOS သို့ရောက်သည့်အခါ ဂြိုဟ်တုထိန်းချုပ်ခန်းကိုလှည့်လည်ကြည့်ရှုပြီး အစည်းအဝေးခန်းမထဲမှာ မြန်မာနိုင်ငံနဲ့ ROSCOMOS တို့ကြား အာကာသနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အပြန်အလှန်ဆွေးနွေးကာ တာဝန်ရှိသူများက သဘောတူညီချက်များကို လက်မှတ်ထိုးသည်။ ထိုသဘောတူညီချက်များအသက်ဝင်လာသည့်အခါ မြန်မာနိုင်ငံက ကိုယ်ပိုင်ဂြိုဟ်တုကိုတည်ဆောက်ပြီး အာကာသအတွင်းလွှတ်တင်ကာ ထိုဂြိုဟ်တုကို ကိုယ်တိုင်ထိန်းချုပ်မှုလုပ်နေသည့်မြင်ကွင်းကို မိမိတို့တစ်တွေမြင်တွေ့ခွင့်ရဦးမည်ဖြစ်သည်။ ဂုဏ်ယူဖွယ်ကောင်းလှပါတကား။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပခရီးစဉ်များကိုသွားရောက်သည့်အခါတိုင်း မဖြစ်မနေလုပ်ဆောင်သောအရာတစ်ခုရှိသည်။ ထိုအရာကိုလုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်အကြီးအကဲ၏ လက်အောက်ငယ်သားများအပေါ် ဖခင်သဖွယ်စောင့်ရှောက်တတ်သည့် စိတ်သဘောထားကို မြင်တွေ့ရသည်။ ထိုအရာကား ခရီးစဉ်သွားရောက်သည့်နိုင်ငံတိုင်းရှိသံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံအားပေးခြင်းနှင့်ထောက်ပံ့မှုများပေးခြင်းဖြစ်သည်။

ယခုတစ်ကြိမ်တွင်လည်း နိုင်ငံတော်အကြီးအကဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများနှင့် ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ မြန်မာနိုင်ငံနှင့်ပတ်သက်သော သိရှိသင့် သိရှိထိုက်သည့်အကြောင်းအရာများကိုပြောခြင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းပေးခြင်း၊ ပညာတော်သင် သင်တန်းသားများအနေဖြင့် နိုင်ငံနှင့်ပြည်သူအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်ကြရန် မှာကြားခြင်း၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ ပြည်ပတွင်ရောက်ရှိနေသူများသည် ကိုယ့်အမိမြေကိုလွမ်းကြမည်မှာအမှန်ပင်ဖြစ်သည်။ သို့သော် နိုင်ငံနှင့်နိုင်ငံသားများအတွက်ဟု စိတ်တင်းလိုက်လျှင် အလွမ်းများပြေလျော့သွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဖခင်တစ်ဦးကဲ့သို့ နိုင်ငံတော်အကြီးအကဲကတွေ့ဆုံအားပေးစကားပြောခြင်းက အိမ်လွမ်းနေသူများအတွက် ပြောမပြနိုင်အောင်ပီတိဖြစ်ရသည့် အားဆေးတစ်ခွက်ဖြစ်မည်မှာအမှန်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် စက်တင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာလာသည်။ အထူးလေယာဉ်ဦးတည်ရာနေရာကား ကာဇက်စတန်နိုင်ငံဖြစ်သည်။ ကာဇက်စတန်နိုင်ငံဆိုသည်မှာ ရုရှားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့်အတွက် ရာသီဥတုမှာနွေးထွေးအေးမြလှသည်။ ကာဇက်စတန်နိုင်ငံသည် အာရှအလယ်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သော်လည်း သဘာဝသယံဇာတပေါကြွယ်ဝသောကြောင့် ချမ်းသာသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကာဇက်စတန်နိုင်ငံမှအဓိကထွက်ရှိသည့် သယံဇာတများမှာ သဘာဝဓာတ်ငွေ့နှင့်ရေနံဖြစ်သည့်အပြင် ယူရေနီယံထုတ်လုပ်မှုမှာလည်း ကမ္ဘာ့ဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု မှတ်သားရပါသည်။ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်မှုများလုပ်နိုင်မည်ဆိုပါကနှစ်ဦးနှစ်ဖက်အကျိုးရှိသည့်ရလဒ်များထွက်ပေါ်လာမည်မှာ အမှန်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ကာဇက်စတန်သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားမှုကြောင့်ကာဇက်စတန်နိုင်ငံသို့လာရောက်ခြင်းဖြစ်သည်။ ကာဇက်စတန်နိုင်ငံကို လေယာဉ်ဆိုက်တော့ ကြည်နူးဖွယ်ကောင်းသည့် ရာသီဥတုခပ်နွေးနွေးလေးကဦးစွာကြိုဆိုနေသည်။ ထိုနည်းတူစွာပင် ကာဇက်စတန်နိုင်ငံနှင့်ဆက်ဆံရေးသည်လည်း နွေးထွေးရမည်ဟုယုံကြည်မိသည်။ မိမိယုံကြည်ထားသည့်အတိုင်းပင် ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာလေဆိပ်သို့ရောက်ရှိချိန်မှာ နိုင်ငံတော်အကြီးအကဲအား တာဝန်ရှိသူများက နိုင်ငံ့ခေါင်းဆောင်များကိုကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခြင်းဖြင့် ကာဇက်စတန်နိုင်ငံက မိတ်ဆွေများအပေါ် အလေးထားမှုကိုပြသခဲ့သည်။ တကယ်ကိုနွေးထွေးသောကြိုဆိုမှုပင်ဖြစ်ပေသည်။

မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲက သမ္မတနန်းတော်သို့သွားရောက်၍ ကာဇက်စတန်သမ္မတ မစ္စတာကာကက်ဆင်ဂျိုမာ့တိုကာယက်နှင့်တွေ့ဆုံဆွေးနွေးမှုလုပ်သည်။ တွေ့ဆုံဆွေးနွေးရာမှာ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးသည်။ နိုင်ငံတော်အကြီးအကဲနှင့် ကာဇက်စတန်သမ္မတတို့ကြား တွေ့ဆုံဆွေးနွေးမှုက ယခုတစ်ကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်ဖြစ်သည်။ ပထမတစ်ကြိမ်က ရုရှားနိုင်ငံ၌တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံမှုက နှစ်ကြိမ်မြောက်ဖြစ်သော်လည်း ကာဇက်စတန်နိုင်ငံသို့ မြန်မာနိုင်ငံမှ ခေါင်းဆောင်တစ်ဦးက ချစ်ကြည်ရေးခရီးလာရောက်ခြင်းတွင် နိုင်ငံတော်အကြီးအကဲက ပထမဆုံးဖြစ်သည်။ ဒီအတွက်ကြောင့် နိုင်ငံတော်အကြီးအကဲ၏ ကာဇက်စတန်နိုင်ငံခရီးစဉ်သည် သမိုင်းမှတ်တိုင်တစ်ရပ်စိုက်ထူနိုင်သည့်ခရီးစဉ်ဖြစ်လာသည်။ ထိုသို့ သမိုင်းမှတ်တိုင်စိုက်ထူနိုင်သည့်နည်းတူ မြန်မာနိုင်ငံနှင့်ကာဇက်စတန်နိုင်ငံတို့ကြား ဆက်ဆံရေးမှာလည်း ပိုမိုနွေးထွေးလာမည်ဖြစ်ပေသည်။ အကြောင်းရင်းမှာမူကား နိုင်ငံတော်အကြီးအကဲနှင့်တွေ့ဆုံမှုများအပြီးတွင် ကာဇက်စတန်သမ္မတက နိုင်ငံတော်အကြီးအကဲကို မော်တော်ယာဉ်နားအထိအရောက် ပြန်လည်ပို့ဆောင်နှုတ်ဆက်သည့်မြင်ကွင်းကို မိမိကိုယ်တိုင်မြင်တွေ့ခဲ့ရသောကြောင့်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ကာဇက်စတန်သမ္မတနှင့်တွေ့ဆုံပြီးနောက်တည်းခိုရာဟိုတယ်သို့ပြန်လာပြီး ညပိုင်းမှာတော့ အက်စတာနာမြို့ရှိ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦလေ့လာရေးမျှော်စင်နှင့် အက်စတာမြို့၏ဖွံ့ဖြိုးတိုးတက်မှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာသေးသည်။ Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦလေ့လာရေးမျှော်စင်သို့ သွားရောက်လေ့လာခြင်းသည် နိုင်ငံတော်အကြီးအကဲတစ်ဦးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးပါသောအရာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုဖလှယ်ရေးလုပ်ဆောင်နိုင်ရန် လေ့လာခြင်းနှင့် ဒေသန္တရဗဟုသုတရရှိရေးအတွက် ရည်ရွယ်ခြင်းဖြစ်ဟန်တူသည်။

Baiterek သမိုင်းဝင်အထိမ်းအမှတ်အဆောက်အဦ လေ့လာရေးမျှော်စင်ဆိုသည်မှာ ၁၉၉၇ ခုနှစ်တွင် အက်စတာနာမြို့ကို ကာဇက်စတန်နိုင်ငံ၏မြို့တော်အဖြစ်ပြောင်းရွှေ့မှုသင်္ကေတပြု သမိုင်းဝင်အဆောက်အဦဖြစ်ပြီး နိုင်ငံ၏ သင်္ကေတနှင့်ခေတ်သစ်ဗိသုကာလက်ရာ၏ထင်ရှားသော မှတ်တိုင်နေရာတစ်ခုဖြစ်သည့်အပြင် ကာဇက်စတန်လူမျိုးများ၏ ဘဝသစ်စတင်ရာနေရာတစ်ခုလည်းဖြစ်သည်။ ဒီအဆောက်အဦအတွက် ဒီဇိုင်းပုံကြမ်းကို ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသမ္မတမစ္စတာနာဆူတန်နာဇာဘာယက်က လက်ကိုင်ပဝါပေါ်မှာရေးဆွဲခဲ့ခြင်းဖြစ်ပြီးထိုလက်ကိုင်ပဝါကို ပထမဆုံးသမ္မတပြတိုက်တွင် သမိုင်းဝင်အမွေအနှစ်အဖြစ်သိမ်းဆည်းထားသည်။ အဆိုပါအဆောက်အဦက ကာဇက်ရိုးရာဒဏ္ဍာရီလာရှင်သန်ခြင်းသစ်ပင်ကို ကိုယ်စားပြုသည့်ပုံစံရှိသည်။ ထို့ပြင် ကာဇက်စတန်၏ ယဉ်ကျေးမှု၊ ဒဏ္ဍာရီနှင့် ခေတ်သစ်တိုးတက်မှုတို့ကို ပေါင်းစပ်ထားသည့် အံ့ဖွယ်အဆောက်အဦတစ်ခုဖြစ်ကာ ငြိမ်းချမ်းမှု၏ပြယုဂ်တစ်ခုလည်းဖြစ်သည်။

မိုးလေးတဖွဲဖွဲနှင့် အေးမြနေသော စက်တင်ဘာလ ၂၈ ရက် နံနက်ခင်းတွင် နိုင်ငံတော်အကြီးအကဲက Astana International Financial Center (AIFC) သို့ သွားရောက်လေ့လာသည်။ မွန်းလွဲပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်နှင့် အမျိုးသားပြတိုက်တို့သို့သွားရောက်၍ လေ့လာမှုများလုပ်သေးသည်။ ထိုသို့သွားရောက်လေ့လာသည့်အတွက်သိရှိခဲ့ရသည့်အချက်အလက်များမှာ အဖိုးတန်လှသည်ဟုဆိုနိုင်သည်။ ကာဇက်စတန်နိုင်ငံတွင် လူမျိုးပေါင်း ၃၀၀ ကျော်ရှိသည်။ လူမျိုးစုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်စေရန်ရည်ရွယ်သည့်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနန်းတော်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဒီနန်းတော်မှာပင်အမျိုးသားရေးညီလာခံကိုနှစ်စဉ်ကျင်းပသည်။ ဘာသာရေးဆိုင်ရာခေါင်းဆောင်များ၏အစည်းအဝေးကိုလည်းလက်ခံကျင်းပသည်။ စတုရန်းပေ ၃ သိန်းကျယ်ဝန်းပြီး ၂၀၃ ပေအမြင့်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးနန်းတော်က ကာဇက်စတန်နိုင်ငံအတွက် အရေးပါသောနေရာတစ်ခုဖြစ်သည်။ ထို့အတူ အမျိုးသားပြတိုက်သည်လည်း ကာဇက်စတန်နိုင်ငံအတွက် အရေးပါသော အမျိုးသားရေးအမွေအနှစ်များကို ပြသထားသည့် နေရာတစ်ခုဖြစ်သည်သာမက အာရှအလယ်ပိုင်းတွင် အကြီးဆုံးနှင့် အဆန်းသစ်ဆုံးပြတိုက်တစ်ခုလည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်သည် ရုရှားနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတတို့၏ ဖိတ်ကြားချက်အရသွားရောက်ခြင်းဖြစ်သည်။ ထိုနိုင်ငံများအနေဖြင့် နိုင်ငံတော်အကြီးအကဲကို ဖိတ်ကြားရသည့် အကြောင်းရင်းများရှိသည်။ ထိုအကြောင်းရင်းများအနက် အထင်ရှားဆုံးသောအကြောင်းရင်းတစ်ခုက နိုင်ငံတော်အကြီးအကဲ၏ကြိုးစားအားထုတ်မှုကြောင့် နှစ်နိုင်ငံကြား ရင်းနှီးချစ်ခင်မှုများနှင့် ဆက်ဆံရေးများပိုမိုတိုးတက်လာစေရန်နှင့်ထိုမှတစ်ဆင့်အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်စေရန်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အခွင့်အလမ်းကောင်းများ၊ အပြန်အလှန်အကျိုးစီးပွားများအတွက် လက်များကိုကမ်းပေးလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘက်ကလည်း တစ်ဖန်ပြန်လည်လက်ကမ်းခြင်းဖြင့် နိုင်ငံအတွက် အကျိုးစီးပွားများစွာရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ယခုခရီးစဉ်တွင် မနားမနေသွားလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးအခြေအနေကိုပင်မငဲ့ကွက်ဘဲ ရှေ့ဆုံးမှဦးဆောင်ဦးရွက်ပြုခဲ့သည်။ နိုင်ငံ့အရေးအတွက်ဆိုလျှင် နောက်ကျကျန်နေခဲ့ခြင်းမရှိရလေအောင် ရှေ့ရေးကိုမြော်တွေးကာ လမ်းကြောင်းမှန်များခင်းပေးပြီး ကိုယ်တိုင်လည်းလျှောက်လှမ်းလာခဲ့သည်။ အားလုံးကိုခြုံငုံပြန်ကြည့်မည်ဆိုလျှင် နိုင်ငံတော်အကြီးအကဲ၏ လုပ်ဆောင်မှုမှန်သမျှသည် နိုင်ငံတော်နှင့်ပြည်သူအတွက်သာဖြစ်ပေတော့သည်။ ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသည့် ဆရာတော်ကြီးများအား လင်ကွမ်းစီကျောင်းတိုက်ဆရာတော် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ဖူးမြော်ကြည်ညို



ရန်ကုန် စက်တင်ဘာ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက် ဆရာတော် VAN SHICHANG ZANG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယမင်္ဂလာဓမ္မသဘင်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော တာဝန်ကျပထမအဖွဲ့ခွဲဆရာတော်ကြီး ရှစ်ပါးတို့အား လာရောက်ဖူးမြော်ကြည်ညိုသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ တာဝန်ကျ ပထမအဖွဲ့ခွဲ ဒုတိယဥက္ကဋ္ဌဆရာတော်များ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၊ အဖွဲ့ဝင်ဆရာတော်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လင်ကွမ်းစီကျောင်းတိုက် ဆရာတော်နှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အမှူးပြုသည့်တာဝန်ကျ ပထမအဖွဲ့ခွဲဆရာတော်ကြီးများနှင့် လင်ကွမ်းစီကျောင်းတိုက်ဆရာတော်တို့က အပြန်အလှန် မိတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက သာရဏီယကထာမြွက်ကြားချီးမြှင့်ရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံသည် ရှေးရိုးအစဉ်အလာ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဟူသော ဘာသာရေး ရင်းနှီးမှုအခြေခံဖြင့် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေးနယ်ပယ်စုံတွင် ဆက်ဆံရေးတိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည်ထေရဝါဒ၏ ဦးဆောင်နိုင်ငံဖြစ်သော်လည်း မဟာယာနစသော ဂိုဏ်းအားလုံးနှင့်ညီညွတ်စွာ သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ လောကတွင် ရာဂ၊ ဒေါသ၊ မောဟ ကိလေသာမီးများ ပြင်းထန်နေသဖြင့် ဒုက္ခမျိုးစုံကြုံတွေ့နေရကြောင်း၊ ဗုဒ္ဓဘာသာဝင်အားလုံးအား မိမိတို့စိတ်တွင်းရှိ ကိလေသာမီးများကို မဂ္ဂင်တရားဖြင့် ငြိမ်းသတ်ကာ ဤအကျင့်မြတ်ကို ကမ္ဘာအနှံ့ပြန့်ပွားစေရန် စုပေါင်းအားထုတ်ကြရန်လိုကြောင်းမိန့်ကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက် ဆရာတော်ကသာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့်လင်ကွမ်းစီကျောင်းတိုက်ဆရာတော်တို့က ဓမ္မလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ် လှူဒါန်းကြကာ လင်ကွမ်းစီကျောင်းတိုက် ဆရာတော် ကိုယ်စား Mr. Chu Shiweiက အလှူငွေပေးအပ်ရာ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေ ၃ နာရီတွင် လင်ကွမ်းစီကျောင်းတိုက် ဆရာတော်အား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ ဂါရဝပြုတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များနှင့်တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့နိုင်ရေး ဆောင်ရွက်နိုင်ပါစေဟု အလေးအနက်ဆုတောင်းအပ်ပါကြောင်း လျှောက်ထားကာလင်ကွမ်းစီကျောင်းတိုက်ဆရာတော်က သာသနာရေးဆိုင်ရာကိစ္စရပ်များပြန်လည်မိန့်ကြားခဲ့ပြီး ဓမ္မလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက်ဆရာတော်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် လင်ကွမ်းစီကျောင်းတိုက်ဆရာတော်က ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပက အလှည့်ကျသဘာပတိက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် တောင်ဘက်မုခ်ဧည့်ခန်းမဆောင်၌ ရန်ကုန်တိုင်းဒေသကြီးသံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိက လင်ကွမ်းစီကျောင်းတိုက်ဆရာတော်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ နှစ်နိုင်ငံသာသနာရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ဆော်ဒီအာရေဗျ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး အဖြစ် သံအမတ်ကြီး ဦးနေမျိုးဦးအား ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးနေမျိုးဦးအား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၂၆˚င / | ၃၅˚င |
| ရန်ကုန် | ၂၅˚င / | ၃၂˚င |
| မန္တလေး | ၂၆˚င / | ၃၆˚င |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိစဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် နောင်လုံကျေးရွာအုပ်စု နောင်လုံကျေးရွာ အဝင်မြေသားလမ်း ၂ မိုင် ၂ ဖာလုံအနက် ၁ မိုင် ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လင်းခေးခရိုင်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၃၁၅၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

| ၂၉-၉-၂၀၂၅ | | | | |
|---|---|---|---|---|
| **ထူးခြားသည့် နေ့အပူချိန်များ** | ခန္တီး | ၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | ဟုမ္မလင်း | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| | ရွှေဘို | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မုံရွာ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| | မြစ်ကြီးနား | ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| | ချောက် | ၃၆ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| | ညောင်ဦး | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | မိုးညှင်း | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ဒလန်စွပ်စွဲလူသတ်နှိပ်စက်နေတဲ့ TNLA၊ PDF အကြမ်းဖက်တွေရဲ့ လက်အောက်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်များ စတေးခံနေရ"** ခေါင်းစဉ်ဖြင့် ၁-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမြင်မတူ ခံယူချက်မတူရင် လက်နက်မဲ့ပြည်သူကို လက်နက်အားကိုးနဲ့ လိုက်လံသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

တောင်ငူ စက်တင်ဘာ ၂၉


ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ပဲချက်ကုန်းကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းကို စက်တင်ဘာလ ၂၈ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ပဲချက်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းမူဘောင်နှင့်လုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကို ပဲချက်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပဲချက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၈ ဦးထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၇၄ သိန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**




# ဥက္ကလာပစေတီတော်မြတ်ကြီး၌ (၃၃) ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကျက်သရေဆောင်ဥက္ကလာပစေတီတော်မြတ်ကြီး ရေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီတော်မြတ်ကြီး၌ (၃၃)ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၇ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါသီတင်းကျွတ်မီးထွန်းပွဲတော်နှင့်အတူ ဈေးရောင်းပွဲတော်လည်း ပါဝင်ကြောင်း သိရသည်။

''ဥက္ကလာပစေတီတော်မြတ်ကြီးမှာ (၃၃)ကြိမ်မြောက် သီတင်းကျွတ်မီးထွန်းပွဲနဲ့ ဈေးရောင်းပွဲကျင်းပနေပါတယ်။ မီးထွန်းပွဲနဲ့အတူ ဈေးရောင်းပွဲတော်ကို စက်တင်ဘာလ ၂၈ ရက်ကနေ အောက်တိုဘာလ ၇ ရက်အထိ ၁၀ ရက်ကြာ ကျင်းပနေပါတယ်။ ဆွမ်းတော်ကြီးကပ်လှူပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၆ နာရီမှာ ကျင်းပပါမယ်''ဟု ဥက္ကလာပစေတီတော်မြတ်ကြီး ရေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီ၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအေးကိုကပြောသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ခင်းကျင်းရောင်းချလျက်ရှိပြီး မုန့်အမျိုးအစားအစုံအလင်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။

ဥက္ကလာပစေတီတော်မြတ်ကြီး၌ (၃၃) ကြိမ်မြောက် မီးထွန်းပွဲကျင်းပပြီးပါက သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စောယု**

# ပခုက္ကူမြို့၌ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

ပခုက္ကူ စက်တင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ စက်တင်ဘာလ ၂၉ ရက်တွင် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပသည်။



ရှေးဦးစွာ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များ၊ ဌာနလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ချိုချိုမာက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အောင်မြင်ရေးအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေ(စာကြည့်တိုက်မှူး)က ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာသင့်သည့်စာပေအမျိုးအစားများ၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး မြန်မာ့ရိုးရာစကားပုံနှင့် စကားထာဉာဏ်စမ်းပဟေဠိပြိုင်ပွဲများပြုလုပ်ကာ အဖြေမှန်သူများကို စာရေးကိရိယာသုံး လက်ဆောင်ပစ္စည်းများချီးမြှင့်ပေးအပ်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ကျင်းပသည့် ပုံပြောပြိုင်ပွဲတွင် လူမွေးလည်းအပူအေးပါပြီ ခေါင်းစဉ်ဖြင့် တတိယဆုရရှိခဲ့သော Grade-5 မှ မသူသူဟန်သာအား ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ဓနုဖြူမြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ စက်တင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဒေသထွက်ခဝဲသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်မြတ်မော်၏ပြောကြားချက်အရ သိရသည်။

ဓနုဖြူမြို့နယ် ကုန်စိမ်းဈေးကွက်၌ ဒေသထွက်ခဝဲသီးများ စက်တင်ဘာလ တတိယပတ်မှစ၍ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် တစ်ရက်လျှင် ခဝဲသီးအလုံးရေ ၂၀၀၀၀ မှ ၃၅၀၀၀ အထိ ဝယ်ယူမှုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေထွက်တဲ့ ခဝဲသီးတွေကို တခြားမြို့နယ်တွေက ဝယ်လိုအားများနေပါတယ်။ လက်ရှိ တစ်ရက်ကို ခဝဲသီးအလုံးရေ ၃၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ခဝဲသီးက ဓနုဖြူမြို့နယ် ဒေသထွက်ကုန်တစ်ခုပါ။ အခုအရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်လည်းဖြစ်ပါတယ်။ တခြားဒေသတွေက ဓနုဖြူမြို့နယ်ထွက် ခဝဲသီးကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် ခဝဲသီးတွေဝယ်လိုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်းပိုမိုအဆင်ပြေလာပါတယ်''ဟု ဒေါ်မြတ်မော်ကပြောသည်။

ဓနုဖြူမြို့နယ်၌ ခဝဲသီးများအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါခဝဲသီးများ ဝယ်လိုအားကောင်းလာသည့်အတွက် တိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း၊ ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**သုတကျော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြား

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း၊ ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ၊ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ ကာဇက်စတန်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်(၁) Mr. Roman Sklyar၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

ထိုသို့အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှုအပြည့်အစုံကို ယခုလိုပဲဖော်ပြလိုက်ရပါတယ် -

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ရှိ Atom Museum ၌ ကျင်းပပြုလုပ်ခဲ့တဲ့ "ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum)" ကို တက်ရောက်ခဲ့ရတာကြောင့် ကျွန်မတို့ မြန်မာနိုင်ငံနဲ့ နိုင်ငံသားများအပေါ်မှာ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲ။ နိုင်ငံတော်အတွက် ဘယ်လိုကဏ္ဍတွေမှာ အကျိုးရလဒ်ကောင်းတွေကို ဖော်ဆောင်လို့ရနိုင်မလဲဆိုတာသိလိုပါတယ်။**

**ဖြေ။** မော်စကိုမြို့မှာပြုလုပ်တဲ့ ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် (World Atomic Week Forum) ကိုတက်ရောက်ဖို့အတွက် သမ္မတကြီးပူတင်ရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်သွားတာဖြစ်ပါတယ်၊ အဲ့ဒီမှာတော့ သမ္မတကြီးပူတင်၊ ဘယ်လာရုစ်သမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊ အီသီယိုးပီးယားဝန်ကြီးချုပ်၊ အခြားခေါင်းဆောင်တွေ၊ IAEA ရဲ့ညွှန်ကြားရေးမှူးချုပ်တို့ သူတို့နဲ့တွေ့ဆုံပြီးတော့မှ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်တဲ့အခြေအနေတွေကိုလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီညီလာခံဟာ ထူးခြားတဲ့ ညီလာခံတစ်ခုလည်းဖြစ်ပါတယ်။ အဓိကကတော့ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနဲ့ပတ်သက်ပြီးတော့ အမြင်ချင်းဖလှယ်ကြတာလည်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့လည်း IAEA အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အဏုမြူစွမ်းအင်ကို လူသားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင် အမြင်ချင်းဖလှယ်နိုင်တာလည်းဖြစ်ပါတယ်။ ရရှိခဲ့တဲ့အကျိုးရလဒ်ကတော့ တော်တော်လေးကောင်းတယ်လို့ ပြောရမှာဖြစ်ပါတယ်။

**မေး။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကာဇက်စတန်သမ္မတနိုင်ငံ ခရီးစဉ်အတွင်းမှာ ယာယီသမ္မတကြီးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့တာတွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိအောင် ဆွေးနွေးနိုင်ခဲ့ပါသလဲဆိုတာ ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ရုရှားသမ္မတကြီး မစ္စတာပူတင်နဲ့ သီးခြားတွေ့ဆုံနိုင်ခဲ့တာရှိပါတယ်။ မတ်လမှာ တွေ့ဆုံခဲ့ပြီးဖြစ်ပြီးတော့ တွေ့ဆုံခဲ့တဲ့ ရလဒ်တွေကိုမူတည်ပြီးတော့ တိုးတက်မှုအခြေအနေတွေပေါ့ဗျာ။ ဒါတွေကို နှစ်ဖက်သုံးသပ်ပြီးတော့ ဒီထက်ပိုပြီးတော့မှ ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ပထမဦးဆုံး

# ဒုတိယအကြိမ် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (ECI) မွမ်းမံသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၉

ဒုတိယအကြိမ် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (ECI) မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာနည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မွေးစမှအသက် ၅ နှစ်အရွယ်ရှိ ကလေးသူငယ်များအတွက် ဖွံ့ဖြိုးတိုးတက်နိုင်ခြေရှိသည့် အလားအလာများကို အပြည့်အဝရရှိရန်နှင့် မသန်စွမ်းဖြစ်ခြင်းကို လျှော့ချနိုင်စေရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများရရှိနိုင်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသန်စွမ်းကလေးသူငယ်အဖြစ်မွေးဖွားခြင်းကို လျှော့ချနိုင်စေရေးအတွက် မမွေးဖွားမီနှင့် မွေးဖွားချိန်တွင် စိတ်ချရသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်အတူ ပြည်သူများအတွက် ECI အသိပညာများရရှိစေရန် တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များမှသင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးသည့် ဘာသာရပ်များကို ကြိုးစားလေ့လာသင်ယူပြီး မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချခြင်းဖြင့် ကလေးသူငယ်၊ မိသားစု၊ နိုင်ငံတော်အတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် နိုင်ငံတစ်နိုင်ငံတွင် အဓိကအရေးကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် မိမိတို့၏ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ECI ဝန်ဆောင်မှုများ ရရှိခြင်းဖြင့် ကလေးသူငယ်များ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ မိသားစုဘဝ သာယာပျော်ရွှင်စေခြင်းနှင့် လူမှုပတ်ဝန်းကျင်အတွက် ကောင်းကျိုးများရရှိစေခြင်းစသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းစေခြင်းကြောင့် နိုင်ငံအတွက် မရှိမဖြစ်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဟိုတယ်ဇုန်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုနှင့် လျှော်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်ရှိ ဟိုတယ်ဇုန်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှုနှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက် အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များခံနိုင်ရည်ရှိစေရန် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)

အနေနဲ့က ကူးသန်းရောင်းဝယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စ၊ စွမ်းအင်ကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာကာသနှင့် အဏုမြူဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဒါတွေကို ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။

အလားတူစွာပဲ ကာဇက်စတန်ကိုရောက်ရှိတဲ့အခါမှာလည်း ကာဇက်စတန်သမ္မတကြီးနဲ့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါလည်း ဒုတိယအကြိမ် ဆွေးနွေးတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့မတ်လက တစ်ခါဆွေးနွေးပြီးဖြစ်ပါတယ်။ ပထမအကြိမ်ဆွေးနွေးခဲ့တဲ့ရလဒ်အပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်ကဏ္ဍတွေမှာ ပိုပြီးတိုးချဲ့ဖို့လိုမလဲ။ မြန်မာနိုင်ငံမှာ ဘာကိုရင်းနှီးမြှုပ်နှံမှုလုပ်မလဲ။ မြန်မာနိုင်ငံက ထုတ်ကုန်ပစ္စည်းတွေ အသုံးပြုပြီးတော့မှ ကာဇက်စတန်နိုင်ငံမှာ တန်ဖိုးမြင့်ပစ္စည်းတွေ ဘယ်လိုထုတ်လုပ်ကြမလဲ။ သိပ္ပံနဲ့နည်းပညာဆိုင်ရာကဏ္ဍတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ မြို့ပြဆိုင်ရာကိစ္စတွေမှာ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲ။ ဒါတွေလည်း ကျွန်တော်တို့ ဆွေးနွေးဖြစ်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ရလဒ်တွေရခဲ့တယ်လို့ ပြောလိုပါတယ်။

**မေး။ ယာယီသမ္မတကြီးအနေနဲ့ ကာဇက်စတန်နိုင်ငံကို ပထမဦးဆုံးလာရောက်တဲ့ မြန်မာနိုင်ငံက ခေါင်းဆောင်တစ်ဦးဖြစ်တယ်လို့သိရှိရပါတယ်။ အနာဂတ်ကာလများမှာလည်း မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ပိုမိုတိုးတက်ဆောင်ရွက်ဖို့ရှိပါသလားဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** စောစောက ကျွန်တော်ပြောသလိုပေါ့ဗျာ။ ကာဇက်စတန်သမ္မတနဲ့ကတော့ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခြင်းပဲဖြစ်ပါတယ်။ ကာဇက်စတန်နဲ့ကျွန်တော်တို့က သံတမန်ဆက်ဆံမှုက ၂၆ နှစ်ရှိပါပြီ။ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့က သံတမန်ဆက်ဆံမှုလုပ်ခဲ့တာဖြစ်ပြီး ကျွန်တော်ရောက်တဲ့နေ့က ၂၇ ရက်နေ့ဖြစ်ပါတယ်။ အဲ့ဒီတော့ ၂၆ နှစ်ပြည့်ပြီးတစ်ရက်မှာ ရောက်တာပေါ့လေ။ ထူးခြားမှုရှိပါတယ်။ သူတို့သမ္မတကြီးကလည်း ဒါကို အလေးထားပြီးပြောပါတယ်။ မြန်မာနိုင်ငံ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ပထမဦးဆုံးလာတဲ့ခရီးစဉ်ဖြစ်တယ်။ New Step ခြေလှမ်းသစ်တစ်ခုကိုစခဲ့တယ်ဆိုတာလေး သူပြောတာပေါ့။ စောစောက ကျွန်တော်ပြောသလိုပဲ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်တွေမှာ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေး၊ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေ၊ သိပ္ပံနှင့်နည်းပညာကိစ္စရပ်တွေ၊ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ ဒါတွေ ကျွန်တော်တို့ ပြောဆိုဆွေးနွေးနိုင်ခဲ့တာရှိပါတယ်။ ကာဇက်စတန်နိုင်ငံက တိုးတက်တဲ့နိုင်ငံတစ်ခုဆိုတာ မြင်ပါတယ်။ အဓိကကတော့ မြေပေါ်မြေအောက်သယံဇာတပစ္စည်းတွေ။ အထူးသဖြင့် မြေအောက်သယံဇာတပစ္စည်းတွေ ရေနံနဲ့ဓာတ်ငွေ့တို့ ကြေးနီ၊ ရွှေ၊ ခရိုမီယမ်၊ သံ တော်တော်လေးထွက်ပါတယ်။ ကမ္ဘာမှာလည်း ထိပ်တန်းတင်ပို့တဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလည်း လုပ်တဲ့နိုင်ငံတစ်ခုပါ။ သူတို့နိုင်ငံက ဂျုံက ကမ္ဘာမှာ အကောင်းဆုံးဂျုံထဲမှာ ပါတာတွေ့ပါတယ်။ ဒါလည်း နမူနာသုံးစွဲကြည့်ပြီးဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံကထုတ်ကုန်ပစ္စည်းထဲမှာလည်း အဓိကတော့ ပေါ်ဆန်းမွှေးဆန်ပေါ့။ ပေါ်ဆန်းမွှေးဆန်ကို တော်တော်လေးစိတ်ဝင်စားပါတယ်။ ကျွန်တော်လည်း ဒါနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံကလည်း ဘယ်လိုလမ်းကြောင်းကနေ သူတို့ဆီပို့မလဲပေါ့။ ဒီဟာတွေ ဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံနိုင်ခဲ့မှုအခြေအနေကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်ကို နှစ်ဦးနှစ်ဖက်ကနေ စိတ်အားထက်သန်စွာနဲ့ တိုးချဲ့ဆောင်ရွက်သွားဖို့ဆန္ဒရှိတာ တွေ့ရပါတယ်။

**မေး။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကို တည်ဆောက်တဲ့အခါ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အဘက်ဘက်မှ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်၊ ဒါ့အပြင်ပြည်သူပြည်သားများအနေနဲ့လည်း အားတက်သရော ဘယ်လိုဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသင့်သလဲဆိုတာ ယာယီသမ္မတကြီးအနေနဲ့ ပြောပြပေးပါဦးရှင့်။**

**ဖြေ။** အဓိကတော့ ကျွန်တော်တို့က ဘက်ပေါင်းစုံက ကြိုးစားဖို့လိုတယ်၊ တစ်ဖက်ကလည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုတွေလည်း ပြည်ထောင်စုရဲ့အကျိုးကို ရည်မှန်းပြီးတော့ အမြင်ကျယ်ကျယ်နဲ့ လုပ်ဖို့လိုတယ်။ တချို့ပြောဆိုနေကြတာတွေက တော်တော်လေးကို အားနည်းချက်တော့ရှိတယ်လို့ ကျွန်တော်မြင်တယ်၊ အဓိကတော့ သူတို့နိုင်ငံရေးအရ ဘာသာရေးအရ တိုင်းရင်းသားရေးအရ တချို့ပြောဆိုနေတာလေးပေါ့။ ပြောဆိုတာလေးတွေက ဒီထက်ပိုပြီး အမြင်ကျယ်ကျယ်နဲ့ ပြောဆိုလုပ်ကိုင်မယ်ဆို ပိုကောင်းမယ်လို့ကျွန်တော်မြင်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့တွေ ကြိုးစားအားထုတ်မှုလည်း လိုတယ်။ ကြိုးစားအားထုတ်တာက နှစ်ပိုင်းပေါ့။ တစ်ခုကတော့ ပညာသင်ကြားရေးအပိုင်းကိုသွားရမယ်။ ဒါက ငြင်းပယ်လို့မရဘူး။ ပကတိတိုင်းပြည်မှာဖြစ်ပျက်နေတဲ့ အခြေအနေက ပညာရေးအားနည်းချက်ရှိတယ်လို့ ပြောရမှာပဲ။ ဒုတိယက ဘာလဲဆိုရင်ကုန်ထုတ်လုပ်မှုအလုပ်လုပ်ဖို့လိုတာပေါ့။ ဒီနှစ်ခု ကျွန်တော်တို့ လုပ်ကိုလုပ်ရမယ်။ ကျွန်တော် ပြောခဲ့ဖူးပါတယ်။ အဲ့ဒါ ဘာလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့က သယံဇာတပစ္စည်းတွေ အပေါ်မှာပဲ ရောင်းတာပေါ့။ တွင်းထွက်ပစ္စည်းတွေ၊ ရေနံဓာတ်ငွေ့တွေ ရောင်းတာရှိမယ်။ နောက်တစ်ခါ သစ်တောထွက်ပစ္စည်းတွေ ရောင်းတာရှိမယ်။ ဒါပေမဲ့ ကျွန်တော်တို့က အလုပ်လုပ်ပြီးထုတ်လို့ရတဲ့ ပစ္စည်းတင်ပို့ရောင်းချမှုက အားနည်းပါတယ်၊ ဒါ ကျွန်တော်က ထောက်ပြပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့က ကျွန်တော်တို့ဆီမှာရှိတဲ့ ရေမြေတောတောင်တွေကို အသုံးချပြီးတော့မှကုန်ထုတ်လုပ်မှုလုပ်ငန်းကို သွားဖို့လိုတယ်၊ အဲ့ဒါတော့ ခိုင်မာတဲ့လုပ်ငန်းပဲ။ ခုနက သယံဇာတထုတ်ရောင်းတယ်ဆိုတာ ခိုင်မာတဲ့လုပ်ငန်းတော့မဟုတ်ဘူး။ ခိုင်မာတဲ့လုပ်ငန်းဆိုတာ အလုပ်လုပ်ဖို့လိုတယ်။ ကျွန်တော် ကာဇက်စတန်သွားတဲ့အချိန်မှာ သတိပြုမိတာရှိတယ်။ ကျွန်တော်တို့က GDP မှာ သုံးခုဖော်ပြပါတယ်။ ဘာလဲဆိုတော့ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးပေါ့။ သူတို့က စိုက်ပျိုးရေးကဏ္ဍ တော်တော်နည်းတာတွေ့တယ်။ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကတော့ တော်တော်လေးများတာ တွေ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍက ၂၀ ရာခိုင်နှုန်းလောက်ရှိတာပေါ့။ သူတို့လည်း သတိပြုမိမယ်ထင်ပါတယ်။ အခု သူတို့လည်း စိုက်ပျိုးရေးတွေ၊ ကုန်ထုတ်လုပ်မှုတွေ တော်တော်လေး အားပေးနေတာတွေ့ပါတယ်။ သူတို့နိုင်ငံမှာ လာရောက် အလုပ်လုပ်ကိုင်မယ်ဆိုရင် ချက်ချင်းကို တိုတောင်းတဲ့ကာလအတွင်းမှာ ခွင့်ပြုပေးတယ်လို့ပြောတယ်။ ကျွန်တော်တို့ဆီမှာလည်း ကုန်ထုတ်လုပ်မှုနဲ့ပတ်သက်ရင် လူတိုင်းက စိတ်ဝင်စားဖို့လိုတယ်။ အရောင်းအဝယ်ထက် ကုန်ထုတ်လုပ်မှုကို အရင်စလုပ်ပြီးတော့ ကုန်ထုတ်လုပ်မှုက တစ်ဆင့် တိုင်းပြည်ဝင်ငွေကို ရအောင်ရှာရမှာ ဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အနေနဲ့ သတိပြုမိဖို့လိုတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**မေး။ ယခုခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်ဖြစ်ခဲ့ပြီး ယာယီသမ္မတကြီးအနေနဲ့ နေ့မအား ညမနား ဆောင်ရွက်ခဲ့တာတွေကို မြင်တွေ့ရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာမိပါတယ်ရှင့်။ ယာယီသမ္မတကြီးအနေနဲ့လည်း ဒီခရီးစဉ်နဲ့ပတ်သက်ပြီးတော့ အောင်မြင်မှုတွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။** အောင်မြင်တဲ့ခရီးစဉ်ပါဗျ။ ရုရှားနိုင်ငံကို ကျွန်တော်တို့ သွားတဲ့အချိန်မှာ အဏုမြူကိစ္စနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ နောက်တစ်ခါ အာကာသနဲ့ပတ်သက်တဲ့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်လက်မှတ် ရေးထိုးနိုင်ခဲ့တယ်။ ဒီနှစ်ခုကို သဘောတူညီချက်ယူခဲ့တာ ရှိပါတယ်။ အဲ့ဒါလည်း နိုင်ငံအတွက် ခြေလှမ်းသစ်တွေ စပြီးချလိုက်တာပေါ့။ နောက်တစ်ခုက ကာဇက်စတန်နိုင်ငံပေါ့။ ကာဇက်စတန်နိုင်ငံက တရားဝင်လွတ်လပ်ရေးရတာတော့ ၁၉၉၁ ခုနှစ် နှောင်းပိုင်းကျမှ လွတ်လပ်ရေးရတာပါ။ ဒါပေမဲ့ သမိုင်းကြောင်းအခြေခံက အများကြီးရှိခဲ့ပါတယ်။ သူ့ရဲ့ လူသားအရင်းအမြစ် သဘာဝအရင်းအမြစ်တွေကို အသုံးချပြီးလုပ်တဲ့အခါမှာ အခုတိုးတက်မှုတွေက မျက်ဝါးထင်ထင်မြင်ရတာပေါ့။ ဒီလိုပဲ အက်စတာနာမြို့တော်တည်လာတာ ကျွန်တော်တို့ နေပြည်တော်ထက် နည်းနည်းလေးပဲစောပါတယ်။ ဒါပေမဲ့ သူတို့ကတော့ မြေအနေအထား အတော်လေးသေးတဲ့အတွက်ကြောင့် တည်ဆောက်ရေးက အတော်လေးအားရတာပေါ့လေ။ အတုယူစရာတွေ တွေ့တာပေါ့။ ကျွန်တော်သွားကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒီလိုမျိုးတိုးတက်တဲ့ မြို့ပြတည်ဆောက်မှုတွေ ဘယ်လိုလုပ်ကြမလဲဆိုတာလည်း စဉ်းစားလုပ်ကိုင်လို့ရတာပေါ့။ ဒါကလည်း အောင်မြင်မှုလို့ ကျွန်တော်ပြောချင်ပါတယ်။ (၁၀၀)

# ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးကကြီးမှူး၍ “Viksit Bharat Run 2025” အပြေးပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

အိန္ဒိယနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် “ Viksit Bharat Run 2025 ” အပြေးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်များနှင့်တာဝန်ရှိသူများက သွေးပူလေ့ကျင့်ခန်းပြုလုပ်ကြပြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက အလံတင်တာလွှတ်ခဲ့ပြီး ပြိုင်ပွဲဝင် ၃၀၀ ခန့်က ပြည်သူ့ရင်ပြင်အတွင်းမှ ပြည်လမ်း- အလုံလမ်း- ဦးဝိစာရလမ်းအတိုင်း ထိုမှ ရွှေတိဂုံစေတီတော်အနောက်ဘက် ပြည်သူ့ရင်ပြင်အရှေ့ဘက်ဝင်ပေါက်အထိ ၅ ကီလိုမီတာ ယှဉ်ပြိုင်ကြရာ ပန်းဝင်သူများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများကအားပေးကြိုဆိုကြကာ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။




အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့က ကြီးမှူး၍ JNCS ကုမ္ပဏီလီမိတက်မှ ဦးဆောင်ကျင်းပသည့် IMAKI Pride Glory Honor မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်း ၁၀ ဆိုင်းအဖြစ် အမျိုးသား လေးချီ လေးပွဲ၊ အမျိုးသား ငါးချီ ငါးပွဲနှင့် အမျိုးသမီးသုံးချီ တစ်ပွဲတို့ ကျင်းပသည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပရိသတ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့ရောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပြိုင်ပွဲဝင်အားကစားသမားများအား ဆုတံဆိပ်များနှင့် မြန်မာနိုင်ငံလက်ဝှေ့ဒိုင်အဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းသိရသည်။ **ဓွဲထက်ကို(ပြန်/ဆက်)**

| မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၉-၉-၂၀၂၅) | | | | |
|---|---|---|---|---|
| ကမမောင်း | ၃ | ဒသမ | ၆၆ | လက်မ |
| ကော့သောင်း | ၂ | ဒသမ | ၂၀ | လက်မ |
| မြိတ် | ၁ | ဒသမ | ၉၇ | လက်မ |
| ဓနုဖြူ | ၁ | ဒသမ | ၄၆ | လက်မ |
| မဒေါက် | ၁ | ဒသမ | ၃၀ | လက်မ |
| ကိုကိုးကျွန်း | သုည | ဒသမ | ၉၄ | လက်မ |
| ရန်ကုန် (ကမ္ဘာအေး) | သုည | ဒသမ | ၉၁ | လက်မ |
| ထားဝယ် | သုည | ဒသမ | ၇၉ | လက်မ |

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## High-level delegation that could enhance friendship with the Russian Federation and the Republic of Kazakhstan led by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing arrives back in Myanmar




Senior General Min Aung Hlaing being welcomed back at the airport by officials.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing being seen off at the airport by officials of Kazakhstan.

NAY PYI TAW September 29

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, at the invitation of the President of the Russian Federation H.E. Vladimir Vladimirovich Putin, visited the Russian Federation on a working visit and at the invitation of President of the Republic of Kazakh-

See Page - 19►►


## Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets member of the Standing Committee of the Yunnan Provincial Committee of the Chinese Communist Party and Secretary of Political and Legal Affairs Commission of the Yunnan Provincial Committee Mr. Hu Dapeng

NAY PYI TAW September 29

The high-level Myanmar delegation led by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing, who was on a working visit to Kazakhstan at the invitation of its President H.E. Mr. Kassym-Jomart Tokayev, left Astana Airport in Kazakhstan for the Republic of the Union of Myanmar by special flight this morning.

The special flight carrying the Senior General made a stopover at Kunming Airport in Kunming, the People's Republic of China, and was warmly welcomed by member of the Standing Committee of the Yunnan Provincial Committee of the Chinese Communist Party and Secretary of Political Legal Affairs Commission of the Yunnan Provincial Committee

See Page - 19 ●●



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing holds talks with member of the Standing Committee of the Yunnan Provincial Committee of the Chinese Communist Party and Secretary of Political Legal Affairs Commission of the Yunnan Provincial Committee Mr. Hu Dapeng.

►► From Page - 18

stan President H.E. Mr. Kassym-Jomart Tokayev, visited the two countries and left the Astana International airport for the Republic of the Union of Myanmar this morning , seen off by Deputy Prime Minister-1 Mr. Roman Sklyar, Myanmar ambassador for the Russian Federation U Thit Lin Ohn and officials.

The entourage of the Senior General, Commission Secretary Joint Executive Chief General Ye Win Oo, member of the commission Union Minister for Foreign Affairs U Than Swe, union ministers U Nyan Tun, U Ko Ko Lwin, Dr Thet Khaing Win, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, deputy ministers, military and civilian official arrived backed in Myanmar.

Then, the high-level delegation led by the Senior General arrived back at the Tatmadaw Airport in Nay Pyi Taw and welcomed back by Vice Chairman of the commission Vice-Senior General Soe Win, member of the commission Prime Minister U Nyo Saw, member of the commission Chief Executive U Aung Lin Dway, members of the commission, union ministers, Russian ambassador to Myanmar H.E. Mr. Iskander Azizov, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command and officials from the Russian Embassy office of the military attaché in Myanmar.

**100**

●● From Page - 18

Mr. Hu Dapeng, Special Envoy for Southeast Asia of the Ministry of Foreign Affairs of PRC H.E. Mr. Deng Xiju and officials at the airport.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing held talks with Mr. Hu Dapeng at the airport lounge, and a wide array of views on strong paukphaw relations between China and Myanmar, which are two good neighbours and trusted friends, Chinese aid that arrives in time every time Myanmar faces a natural disaster, including an earthquake and further assistance that will come, bilateral cooperation China and Myanmar is going to carrying out at full throttle for maintaining peace and stability at the common border, cooperation in anti-cross-border crime, soonest completion of the projects and agreements contained in the China-Myanmar economic corridor, promotion of connections and trade between Myanmar and Yunnan Province of China, further strengthening beneficial relations between the two countries and peoples were cordially exchanged.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and delegation continued their homebound flight, and were seen off by Mr. Hu Dapeng and party.

**100**

Senior General Min Aung Hlaing being seen off at Kunming Airport by Chinese officials.



# Mingin Township cultivates more than 3,000 acres of groundnut as monsoon crop

MINGIN September 29

Mingin Township Agriculture Department of Sagaing Region stated that local farmers planted a total of 3,017 acres of groundnut in the township this year.

During the 2025-2026 monsoon cropping season, it has been planned to cultivate 5,905 acres of groundnut in Mingin Township. Planting began in May this year, and as of today, 3,017 acres have already been cultivated.

"For this year's monsoon season in Mingin Township, we have planned to grow over 5,000 acres of groundnut. So far, more than 3,000 acres have already been planted. Efforts are ongoing to ensure the full target acreage is met. As an oil crop, groundnut is progressing successfully, and cultivation has been increasing year by year," said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

In Mingin Township, groundnut cultivation requires about one and a half baskets of seeds per acre. The total cost per acre—including seed costs, labor wages, fertilizers, and pesticides—is over Ks-200,000. Yields average over 50 baskets per acre.

This year, to ensure successful groundnut production, prevent pest and disease outbreaks, and maintain weed-free fields, staff from the Mingin Township Department of Agriculture are conducting field inspections and keeping monitoring records in cultivation areas.

**SK**

# Natmauk Township to grow over 24,000 acres of rainfed rice in this monsoon

NATMAUK September 29

Natmauk Township has designated 24,925 acres for the cultivation of rainfed rice, aiming to achieve a surplus in local production. As of now, 5,820 acres have already been planted. The Township Agriculture Department is closely monitoring planting efforts to ensure the target is achieved and potentially exceeded.

Farmers in Natmauk Township primarily grow rice varieties such as Manaw Thukha, Sin Thukha, Eyarmin, Yadanar Toe, Sar Pho Tha, and GW-11. These varieties are selected based on their suitability to local conditions and farmer preferences. Cultivation methods include direct seeding and the use of rice planters, with technical guidance from the Township Agriculture Department.

To ensure successful cultivation and high yields, the Agriculture Department is distributing rice seeds well-suited to the region and promoting proper planting techniques. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ex-FBI chief could be investigated over January 6 riots – Trump

WASHINGTON September 29

US President Donald Trump has said former FBI Director Christopher Wray could face a probe over his role in the January 6 Capitol riots, while repeating claims that hundreds of agents were secretly placed in the crowd during the unrest.

Last week, conservative outlet Blaze News cited an unnamed congressional source as alleging that the FBI had deployed 274 plainclothes operatives during the riots – contradicting the bureau's longstanding denials of any such involvement.

Following the report, Trump suggested the agents were acting as agitators and insurrectionists rather than law enforcement officers, adding that Wray "has some major explaining to do."

In a telephone interview with NBC News on Sunday, the US president accused the former FBI chief of "inappropriate" actions and suggested that the Justice Department was already pursuing the matter.

"I think Christopher Wray did a terrible job, and we just found out about it," Trump said.

"Over 200 people being embedded into that situation. It looks like real agitation… It's a terrible thing that something like this could happen. It was a set-up – my opinion. But it was set up, and the FBI was involved."

Asked whether Wray was being investigated, he replied: "I would imagine. I would certainly imagine. I would think they are doing that."

Wray, who resigned at the end of the Biden administration, has not publicly commented on the accusations.

Federal officials have disputed the claims of a large undercover presence. A Justice Department Inspector General's report issued late last year concluded there were no embedded employees during the protests, though it acknowledged that 26 confidential informants were present.

The January 6 attack prompted a massive FBI investigation as well as a broader probe into an alleged conspiracy to overturn the 2020 election result. More than 1,500 people were charged with federal crimes, including Trump himself. After returning to office, Trump granted clemency to all those prosecuted, with most receiving full pardons.

**RT**

# More victims discovered in Mormon church attack – authorities

MICHIGAN September 29

Emergency crews have discovered two more victims in the ruins of a Mormon church set ablaze during Sunday's shooting in Michigan, raising the death toll to four parishioners plus the gunman, who was killed in a shootout with police.



Grand Blanc Township Police Chief William Renye told reporters that two of the victims' bodies had gunshot wounds.

"Including the suspect, there are five deceased persons from this tragic incident," he said, praising first responders who arrived at the church within 30 seconds of the first 911 call. Seven people remain hospitalized in stable condition, while one is in critical care.

Crews are continuing to comb through the debris of the destroyed church, which Renye described as "a total loss due to the fire." He added that some people remain unaccounted for. "We are in recovery mode," he said.

Investigators revealed that the suspect, identified as 40-year-old Thomas Jacob Sanford of Burton, used gasoline as an accelerant to ignite the fire. Sanford was a former Marine sergeant who served in Iraq between 2007 and 2008.

According to the Marine Corps, he had received multiple service awards, including the Iraq Campaign Medal and the Marine Corps Good Conduct Medal.

The ATF also discovered several suspected explosive devices at the site, though it was not immediately clear whether they had been used to start the blaze, according to special agent James Deir. Michigan State Police reported receiving additional bomb threats at churches and other locations in the area.

Authorities have not disclosed a possible motive. The FBI is leading the investigation and said it is treating the shooting as "an act of targeted violence." NBC affiliate WDIV reported a heavy police presence at a residence believed to be Sanford's home.

**RT**

# Death toll in Philippine typhoons climbs to 27

MANILA September 29

The death toll in the three successive typhoons that barreled through the Philippines this week, combined with flooding from the southwest monsoon, has climbed to 27, the National Disaster Risk Reduction and Management Council (NDRRMC) reported on Monday.

The NDRRMC also reported that the search continues for at least 16 people still missing from the flooding and landslides triggered by typhoons Mirasol, Ragasa, and Bualoi.

Of the reported deaths, the agency said that only four have been validated, the rest are being confirmed. It also said that at least 33 people have been injured.

The tropical cyclones left the archipelagic country with a trail of destruction, affecting nearly 907,000 families or more than 3.4 million people, whose houses were damaged by incessant rains and strong winds across the country.

The agency said more than 30,000 displaced families, or over 106,000 villagers, remain in government-run evacuation centers.

A total of 53 cities and municipalities in five regions across the country were declared under a state of calamity after the typhoons damaged farms, roads, and other infrastructure.

Bualoi is the 15th typhoon to lash the Philippine archipelago this year. An average of 20 typhoons slam into the Philippines yearly.

**Xinhua**

# Archaeologists uncover 8,000-year-old small clay figurines in western Türkiye

ISTANBUL September 29

Archaeologists have unearthed five unusually small, 8,000-year-old clay figurines depicting men and women during ongoing excavations at Ulucak Mound in Türkiye's western port city of Izmir, researchers announced Monday.

Measuring between 3 and 10 cm, the figurines are the first of their kind discovered at this scale, said Ozlem Cevik, head of the Ulucak excavations and a scholar at Trakya University's Department of Protohistory and Near Eastern Archaeology.

Speaking to Demiroren News Agency, Cevik said, "We believe these figurines were used in household contexts, related to abundance, fertility, and transitional rituals," such as birth, marriage, seasonal cycles, or shifts in social or spiritual status.

Cevik noted that the figurines were found together in a collective context inside a structure, not on the floor but in the fill above it, indicating they may have been hung to dry.

Radiocarbon dating of previously excavated sections places the structure between 6005 and 5840 BC, confirming the artifacts are about 8,000 years old.

**Xinhua**

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing replies to questions raised by media aboard the special aircraft



Senior General Min Aung Hlaing explains the accomplishments of the working visits to Russian Federation and Kazakhstan.

NAY PYI TAW September 29

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing paid working visits to the Russian Federation at the invitation of President of the Russian Federation H.E. Vladimir Vladimirovich Putin and to the Republic of Kazakhstan at the invitation of President of the Republic of Kazakhstan H.E. Mr. Kassym-Jomart Tokayev. This morning, the high-level Myanmar delegation left the Astana Airport of Kazakhstan, and those delegation members were seen off at the airport by First Deputy Prime Minister of Kazakhstan Mr. Roman Sklyar of Kazakhstan, Myanmar Ambassador to the Russian Federation U Thit Linn Ohn, and officials.

On his way back to Myanmar, the Acting President and SSPC Chairman of the Republic of the Union of Myanmar replied to queries raised by media aboard the aircraft and the full text of the question and answer session is presented as follows:-

**Q. As the Acting President, by attending the "World Atomic Week Forum" held at the Atom Museum in Moscow, the Russian Federation, what benefits have we gained for Myanmar and its citizens? I would like to understand in which sectors these benefits for the State can be effectively realized.**

**A.** I attended the World Atomic Week Forum in Moscow at the invitation of President Putin. At the forum, I had the opportunity to meet with President Putin, the Belarusian President, the Prime Ministers of Armenia and Ethiopia, other leaders, and the Director General of the IAEA. We were able to discuss areas for potential bilateral cooperation. This was a unique conference, primarily focused on exchanging views regarding the peaceful use of nuclear energy. As a member country of the IAEA, Myanmar also participated in discussions on how nuclear energy can be used for human-beneficial purposes. The benefits we gained from attending the forum are considerable.

**Q. During the trip to the Russian Federation and the Republic of Kazakhstan, it is observed that the Acting President of the Republic of the Union of Myanmar held several meetings and discussions. Please explain what benefits or positive outcomes were achieved for our country through these discussions.**

**A.** I was able to have a separate meeting with President Putin. Such a meeting was held in March. Based on the outcomes of that meeting, we reviewed the progress and assessed the situation. Both sides evaluated the results and discussed how to further expand areas of cooperation. Initially, our discussions focused on trade and investment, energy, transportation, defence cooperation, as well as collaboration in space and nuclear sectors.

Similarly, upon arriving in Kazakhstan, I held a meeting and discussions with the President of Kazakhstan. This was our second discussion, the first having taken place in March. Based on the outcomes of the initial meeting, we discussed which sectors to further expand, where to make investments in Myanmar, and how Myanmar's products could be used to produce high-value goods in Kazakhstan. We also explored collaboration in science and technology, as well as urban development sectors. I can say that the discussions produced very positive results.

**Q. I know you are the first-ever Head of State of Myanmar as the Acting President paying the visit to Kazakhstan. I would like to know whether, in the future, cooperation and investment between Myanmar and Kazakhstan can be further expanded and strengthened.**

**A.** As I mentioned earlier, this was my second meeting with the President of Kazakhstan. Myanmar and Kazakhstan have maintained diplomatic relations for 26 years. Diplomatic ties were established on 26 September 1999, and I arrived there on the 27 September, one day after the relation date. So, it coincided with the 26th anniversary, which was a special occasion. The Kazakh President also highlighted this significance. This was the first visit by a Myanmar head of state to Kazakhstan, marking a new step in bilateral relations. As I mentioned earlier, we were able to discuss areas of economic cooperation, future investment opportunities, collaboration in science and technology, education, and healthcare. Kazakhstan is a developed country, rich in natural resources, especially underground resources such as oil and natural gas, as well as copper, gold, chromium, and iron. Kazakhstan is one of the world's top exporting countries. It is also engaged in both agriculture and livestock activities. Their wheat ranks among the best globally, based on sample testing. Similarly, Myanmar's main export product is Pawsan rice, which has attracted considerable interest. Discussions were held on how Myanmar could export this product. Overall, the opportunity to meet and engage revealed that both countries are eager to expand bilateral cooperation across various sectors with enthusiasm and commitment.

**Q. When building a modern, developed, and progressive nation, the Head of State and the State Government are laying out and implementing various processes from all sides. Additionally, as the Acting President, could you please explain how the citizens should actively come together and collaborate in this endeavour?**

**A.** Primarily, we need to strive from all aspects. On one hand, despite political differences of opinion, it is necessary to work with a broad vision, aiming for the benefit of the Union. I see a weakness in what some are saying. Mainly, it's about what some are saying regarding political, religious, and ethnic issues. We believe it would be better if these statements and actions were made with an even broader perspective. On the other hand, we also need our own efforts. The efforts should be in two parts. One part must focus on education. This is undeniable. I see that the actual situation in the country is one of educational weakness. Secondly, it is production and work. We must definitely do these two things. I have said this before. We used to rely on selling natural resources. We might sell mineral resources, oil and gas resources, and forestry products. However, our exports of products that require work and production are weak. I point this out.

Therefore, we need to utilize the land, water, forests, and mountains we have and move into manufacturing industries. That is a solid enterprise. Selling raw natural resources, as mentioned earlier, is not a solid enterprise. A solid enterprise requires work. When I went to Kazakhstan, I noticed something. They present three sectors in their GDP: the large agricultural sector, the large industrial sector, and the large service sector. I noticed their agricultural sector is quite small. I saw that the industrial and service sectors are quite large. The agricultural sector is only about 20 percent. They probably also realize this. I see they are quite supportive of agricultural production. They say that if you come to their country to work, they grant permission within a very short period. In our case, regarding production, everyone needs to be interested. We must first start with production rather than just trade, and through production, generate national income. I want to say that the State needs to take note of this.

**Q. This trip has been a successful one, and I am also proud and pleased to witness the efforts the Acting President carried out day and night. As the Acting President, could you also share the successes achieved during this trip?**

**A.** It is a successful trip. When we went, we were able to sign a cooperation agreement concerning nuclear affairs. Another time, we were able to sign a cooperation agreement related to space. An agreement has been reached on these two matters. That also marks the beginning of new steps for the country. Another is Kazakhstan. Kazakhstan officially gained independence only after 1991. But its historical foundation is very deep. When they utilize their human resources and natural resources, the current progress is clearly visible. Similarly, the construction of Astana city started only a little earlier than our Nay Pyi Taw. Due to the favourable terrain, the construction efforts were impressive and provided examples to learn from. I went and observed. We can also consider and implement how to carry out such progressive urban development in our country. This is also a success I would like to mention. **100**

# ဝန်အလေးချိန်ပေါင် ၃၃၀ အထိတင်နိုင်တဲ့ ကယ်ဆယ်ရေးစက်ရုပ်



ဂျာမနီနိုင်ငံမှ သုတေသနပညာရှင်များက ဉာဏ်ရည်တု(AI) နည်းပညာသုံးစက်ရုပ်တစ်မျိုးကို ထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။ သူ့ကိုတော့ ကယ်ဆယ်ရေးစက်ရုပ်လို့အမည်ပေးရမှာပါ။ ဘာဖြစ်လို့လဲဆိုရင် ကြီးမားလေးလံလှတဲ့ ပစ္စည်းပစ္စယများကို တင်ဆောင်ပြီး သာမန်အားဖြင့်သွားလာရခက်ခဲတဲ့နေရာတွေမှာ သွားလာနိုင်စွမ်းရှိတာကြောင့်ဖြစ်ပါတယ်။

ကယ်ဆယ်ရေးစက်ရုပ်ရဲ့ တင်ဆောင်နိုင်တဲ့ဝန်အလေးချိန်ပမာဏက ပေါင် ၃၃၀ အထိရှိပါတယ်။ သူ့ကို အလိုလိုသိတတ်သောထိန်းချုပ်မှု၊ ဉာဏ်ရည်တုနည်းပညာ၊ အကြမ်းပတမ်းခံနိုင်မယ့် ဒီဇိုင်းတို့နဲ့ ပေါင်းစပ်ထားတာဖြစ်ပါတယ်။ အဓိကကတော့ စိန်ခေါ်မှုများတဲ့နေရာတွေမှာ ကယ်ဆယ်ရေးသမားတွေကို အထောက်အပံ့ကောင်းများပေးနိုင်ဖို့အတွက် ရည်ရွယ်ဖန်တီးထားတာပါ။

ကယ်ဆယ်ရေးစက်ရုပ်က တော်တော်လေးကိုအဆင့်မြင့်တယ်လို့ဆိုရမှာပါ။ သူ့မှာ သရီးဒီအာရုံခံစနစ်တစ်ခုလည်းပါဝင်ပါတယ်။ အဲဒီစနစ်ကြောင့် စက်ရုပ်ဟာ သူသွားရမယ့်လမ်းကြောင်းကို ကိုယ်တိုင်ရွေးချယ်နိုင်စွမ်းရှိတဲ့အပြင် အသံနဲ့လေဆာအာရုံခံကိရိယာများပါဝင်ခြင်းကြောင့် လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ အတားအဆီးများကိုလည်း အောင်မြင်စွာဖြတ်ကျော်နိုင်စွမ်းရှိပါတယ်။

Ref: IE ကိုထက်

# ဩစတြေးလျက အာကာသလုံခြုံရေးအတွက် လေဆာလက်နက်စနစ်ကိုပြသ

ဩစတြေးလျနိုင်ငံမှ Electro Optic Systems (EOS) ဆိုတဲ့ကုမ္ပဏီက အာကာသလုံခြုံရေးအတွက် လေဆာလက်နက်စနစ်တစ်မျိုးကို ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လေကြောင်းနည်းပညာညီလာခံမှာ ထုတ်ဖော်ပြသပြီး မိတ်ဆက်လိုက်ပါတယ်။

အဲဒီလက်နက်စနစ်က EOS ရဲ့ Atlas အမျိုးအစား စွမ်းအားမြင့်လေဆာအာကာသထိန်းချုပ်ရေးလက်နက်များအနက် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အထူးသဖြင့် တစ်နေ့တခြား တိုးပွားများပြားလာတဲ့ ဂြိုဟ်တုများရှုပ်ထွေးမှုအန္တရာယ်ကို ကာကွယ်ဖို့ဖြစ်တယ်လို့ဆိုပါတယ်။

Atlas စနစ်ကို လိုအပ်သလိုပုံစံပြောင်းလဲအသုံးပြုနိုင်ပါတယ်။ တစ်နေရာတည်းမှာပဲ အသေတပ်ထားမလား။ ရွေ့လျားပုံစံနဲ့သွားမလား။ ပြန်လည်နေရာချထားနိုင်တဲ့ပုံစံနဲ့ပဲအသုံးပြုမလား။ အဆင်ပြေမယ့်နည်းလမ်းနဲ့ အသုံးပြုနိုင်တဲ့ လေဆာလက်နက်စနစ်ဖြစ်ပါတယ်။

Atlas စနစ်တစ်ခုလုံးမှာ ကမ္ဘာ့အဆင့်မီတယ်လီစကုပ်နဲ့ ကွန်ချာဒီဇိုင်းများပါဝင်ပါတယ်။ ဒါကြောင့်ပဲ အဲဒီစနစ်ကိုအသုံးပြုသူများအနေနဲ့ အာကာသအတွင်းရှိ အရာဝတ္ထုများကို ဘယ်လိုရာသီဥတုအခြေအနေမျိုးမှာမဆို၊ ဘယ်အချိန်၊ ဘယ်နေရာမှာမဆို၊ ဘယ်လိုအရာဝတ္ထုကိုမဆို ထောက်လှမ်းရှာဖွေခြင်း၊ ခြေရာခံခြင်းနဲ့ လေ့လာခြင်းများလည်း လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

Ref: IE ကိုထက်



# လပေါ်အခြေစိုက်စခန်းများကို တစ်ရက်အတွင်းဆောက်ပေးနိုင်မယ့် စက်ရုပ်သရီးဒီပရင်တာ



အဆင့်မြင့်မားလှတဲ့ ပင့်ကူပုံစံစက်ရုပ်တစ်မျိုးက တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများအတွက် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်စွမ်းရှိတဲ့ စက်ရုပ်ဖြစ်လာပါတယ်။ ဒါ့အပြင် အနာဂတ်ကာလရောက်ရင် လပေါ်မှာအဆောက်အအုံတွေ တည်ဆောက်ပေးနိုင်တဲ့ စက်ရုပ်လည်းဖြစ်လာနိုင်ပါတယ်။

စက်ရုပ်ရဲ့အမည်က ရှားလော့ပါ။ သူ့ကို ဩစတြေးလျနိုင်ငံမှ ကုမ္ပဏီများဖြစ်တဲ့ Crest Robotics နဲ့ Earthbuilt Technology ကုမ္ပဏီတို့ပူးပေါင်းပြီး တီထွင်ဖန်တီးထားတာပါ။ သူ့ကိုတီထွင်ဖန်တီးရတဲ့ရည်ရွယ်ချက်က ကုန်ကျစရိတ်နည်းပါးပြီး ကာဗွန်ထုတ်လွှတ်မှုလည်းနည်းပါးတဲ့ အိမ်ရာတည်ဆောက်နိုင်စွမ်းထွက်ပေါ်လာစေဖို့ပါ။

လက်ရှိမှာတော့ ခြေရှစ်ချောင်းထောက်ပုံစံရှိတဲ့စက်ရုပ်ဟာ သရီးဒီပရင်တာတစ်လုံးကဲ့သို့ အိမ်ကိုဆောက်လုပ်နိုင်စွမ်းရှိပါတယ်။ စွမ်းဆောင်ရည်က စတုရန်းမီတာ ၂၀၀ ရှိတဲ့အိမ်ရာကို ၂၄ နာရီအတွင်း တည်ဆောက်နိုင်တာဖြစ်ပါတယ်။ ဒါဟာ သာမန်နေအိမ်တစ်လုံးကို တစ်ညအတွင်းနဲ့ လပေါ်မှာ အခြေစိုက်စခန်းကို တစ်ရက်အတွင်းတည်ဆောက်နိုင်တာဖြစ်ပါတယ်။

Ref: IE၊ ကိုထက်

# အစိတ်အပိုင်း ၆၀ ရာခိုင်နှုန်းကို သရီးဒီပရင်တာနဲ့ထုတ်ထားတဲ့ အသံနှုန်းလွန်ဒုံးကျည်




အမေရိကန်လေတပ်က အသံနှုန်းလွန်ဒုံးကျည်တစ်စင်းကို စမ်းသပ်မှုတွေလုပ်နေပါတယ်။ ဒုံးကျည်ရဲ့အမည်ကိုတော့ Angry Tortoise လို့ပေးထားပါတယ်။ ဒီဒုံးကျည်ကို လက်တွေ့စမ်းသပ်မှုတွေလုပ်နေရတဲ့အကြောင်းရင်းက ကုန်ကျစရိတ်သက်သာတဲ့အသံနှုန်းလွန်ဒုံးကျည်များကို ထုတ်လုပ်နိုင်ဖို့ဖြစ်ပါတယ်။

ဒုံးကျည်ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်သက်သာဖို့ဆိုရင် ဒုံးကျည်ရဲ့အစိတ်အပိုင်းတချို့ကို စျေးသက်သာမယ့်အရာနဲ့ထုတ်လုပ်မှဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း ပညာရှင်များက ဒုံးကျည်ရဲ့အစိတ်အပိုင်း ၆၀ ရာခိုင်နှုန်းကို သရီးဒီပရင်တာနဲ့ထုတ်လုပ်လိုက်တာပါ။

ဒီစီမံကိန်းရဲ့ အဓိကသော့ချက်နောက်တစ်ခုက Draper လို့ ခေါ်တဲ့ ပေါင် ၄၀၀၀ အားရှိ တွန်းကန်အားစနစ်ဖြစ်ပါတယ်။ ဒီတွန်းကန်အားစနစ်က လောင်စာအရည်သုံး ဒုံးမော်တာကို အသုံးပြုထားတာဖြစ်ပါတယ်။ သမားရိုးကျဒုံးကျည်တွေနဲ့ ကွဲပြားခြားနားသွားစေမယ့်အချက်က သူ့မှာ သုံးထားတဲ့ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်-ကီရိုဆင်းအရည်အရောက အခန်းအပူချိန်မှာတင်ထားနိုင်တာဖြစ်ပါတယ်။ Ref: IE၊ ကိုထက်

# လှိုင်းနှုန်းဖိဖျက်မှုဒဏ်ခံ ကမ္ဘာ့တည်နေရာပြစနစ်ပါဝင်လာမယ့် မျိုးဆက်သစ်ဒုံးကျည်များ




အာကာသနဲ့ကာကွယ်ရေးနည်းပညာကုမ္ပဏီနှစ်ခုက အတူတကွလက်တွဲပြီး လှိုင်းနှုန်းဖိဖျက်မှုဒဏ်ခံ ကမ္ဘာ့တည်နေရာပြစနစ်ပါဝင်လာမယ့် မျိုးဆက်သစ် တိကျပွဲ့ထိန်းဒုံးကျည်များကိုထုတ်လုပ်ဖို့ ပြင်ဆင်လာနေပါပြီ။ BAE System မှ လှိုင်းနှုန်းဖိဖျက်မှုဒဏ်ခံနည်းပညာကို Hanwha Aerospace ကုမ္ပဏီရဲ့ Deep Strike Capability ဆိုတဲ့စနစ်ထဲပေါင်းစပ်ခြင်းအားဖြင့် NATO တပ်ဖွဲ့ရဲ့ လိုလားချက်နဲ့ကိုက်ညီတဲ့ ဒုံးကျည်များကို ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

ဒီစနစ်ပါဝင်တဲ့ဒုံးကျည်များကို တီထွင်ဖန်တီးရခြင်းရည်ရွယ်ချက်က ယနေ့ခေတ်မှာတိုးတက်ထွန်းကားလာနေတဲ့ နောက်ဆုံးပေါ် အီလက်ထရွန်နစ်စစ်ဆင်ရေးအန္တရာယ်များကို တုံ့ပြန်နိုင်စေဖို့ဖြစ်တယ်လို့ဆိုပါတယ်။

တောင်ကိုရီးယားနိုင်ငံမှ Hanwha Aerospace ကုမ္ပဏီရဲ့ Deep Strike Capability စနစ်က ရွေ့လွယ်ပြောင်းလွယ်ဖြစ်သော၊ ပြောင်းအချင်းအမျိုးမျိုးပါဝင်သော၊ အကွာအဝေးအမျိုးမျိုးပစ်ခတ်နိုင်သော ဒုံးပစ်စနစ်ဖြစ်ပြီး ရန်သူ့ပစ်အားကို ဦးနှိမ်ရန်နဲ့ ရှုပ်ထွေးသောပတ်ဝန်းကျင်များရှိ ပစ်မှတ်များကိုချေမှုန်းရန်တို့အတွက် အသုံးပြုနိုင်တယ်လို့ တောင်ကိုရီးယားကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။

Ref: IE ကိုထက်

# သမ္မတပူတင်က ဒေါ်နယ်ထရမ့်နှင့် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိဟုဆို




မော်စကို၊ နိုင်ငံရေး


ရုရှားသမ္မတဗလာဒီမာပူတင်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ရုရှားအစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ပြောကြားလိုက်သည်။

သမ္မတပူတင်က ထရမ့်အား ဖိတ်ကြားမှုမှာ ဆက်လက်စိစဉ်ထားဆဲဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အမေရိကန်အစိုးရကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပက်စကော့က TASS သတင်းအေဂျင်စီသို့ စက်တင်ဘာလ ၂၈ ရက်တွင် ပြောကြားသည်။

သမ္မတပူတင်နှင့် ထရမ့်တို့နှစ်ဦးသည် ယခုနှစ် ဩဂုတ်လအတွင်းက အလက်စကာပြည်နယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ နောက်တစ်ကြိမ်ဆွေးနွေးပွဲကို မော်စကိုမြို့၌ပြုလုပ်ရန် ထရမ့်အား သမ္မတပူတင်က အဆိုပြုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ဝေဖန်ခံရမှုများတွေ့ကြုံလာနိုင်ကြောင်းကို သတိပြုထားပြီးဖြစ်သော်လည်း ရုရှားသမ္မတဗလာဒီမာပူတင်နှင့် မော်စကိုမြို့တွင် တွေ့ဆုံဆွေးနွေးရေး အဆိုပြုချက်သည် ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့ဖူးကြောင်း သိရသည်။ **Ref: Xinhua**

# နိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ရုပ်ရှင်နှင့်သက်ဆိုင်သော ထုတ်ကုန်များအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းကောက်ခံရန် ထရမ့်စီစဉ်



ဝါရှင်တန်၊ စီးပွားရေး

အမေရိကန် အစိုးရအနေဖြင့် နိုင်ငံအတွင်းသို့တင်သွင်းလာသည့် ရုပ်ရှင်နှင့်သက်ဆိုင်သောထုတ်ကုန်များအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းကောက်ခံရန်စီစဉ်လျက်ရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က စက်တင်ဘာလ ၂၉ ရက်တွင်ပြောသည်။

အမေရိကန်ပြည်ထောင်စုအတွင်းရှိနိုင်ငံသားပိုင်ရုပ်ရှင်လုပ်ငန်းများသည် ပြည်ပနိုင်ငံများ၏ ခိုးယူခြင်းကိုခံနေရကြောင်း၊ ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး၏ အားနည်းချက်ကြောင့် ယင်းပြည်နယ်အတွင်းရှိ အမေရိကန်ရုပ်ရှင်လုပ်ငန်းများသည် ဆိုးရွားစွာထိခိုက်ခဲ့ရကြောင်း ထရမ့်က ၎င်း၏လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြသည်။

အမေရိကန်ရုပ်ရှင်လုပ်ငန်းများ၏ထိခိုက်နစ်နာမှုများသည် လက်ရှိတွင် အဆုံးသတ်နိုင်ခြင်းမရှိသည့် ပြဿနာရပ်တစ်ခုအဖြစ်တည်ရှိနေကြောင်း၊ ၎င်းပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုပြင်ပတွင်ထုတ်လုပ်သည့် ရုပ်ရှင်များအပေါ်သို့ အခွန် ၁၀၀ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ဖော်ပြခဲ့ကြောင်း သိရသည်။ **Ref: Iv**

# စစ်မှုထမ်းသစ်များစုဆောင်းရန်ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို ပူတင်လက်မှတ်ရေးထိုး

မော်စကို၊ စစ်ရေး

ရုရှားနိုင်ငံတွင် ဆောင်းဦးရာသီစစ်မှုထမ်းရန်အတွက် စစ်မှုထမ်းအင်အား ၁၃၅၀၀၀ စုဆောင်းရန်ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို သမ္မတဗလာဒီမာပူတင်က လက်မှတ်ရေးထိုးခဲ့ကြောင်း TASS သတင်းဌာနက စက်တင်ဘာလ ၂၉ ရက်တွင်ဖော်ပြသည်။

အဆိုပါစစ်မှုထမ်းဆင့်ခေါ်သည့် အမိန့်ကြေညာချက်အရ နိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်မှ ၃၀ နှစ်အကြား နိုင်ငံသားများအားလုံး အကျုံးဝင်မည်ဖြစ်ပြီး စစ်မှုထမ်းသစ်စုဆောင်းမှုကို ယခုနှစ် အောက်တိုဘာလ ၁ ရက်မှစ၍ ယခုနှစ်ကုန်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် တစ်နှစ်လျှင် နှစ်ကြိမ်စစ်မှုထမ်းသစ်များကို စုဆောင်းလေ့ရှိပြီး ၂၀၂၅ ခုနှစ်နွေဦးရာသီတွင်လူပေါင်း ၁၆၀၀၀၀ နှင့် ၂၀၂၄ ခုနှစ် ဆောင်းဦးရာသီတွင်မူ လူပေါင်း ၁၃၃၀၀၀ ကို စစ်မှုထမ်းများအဖြစ် စုဆောင်းနိုင်ခဲ့ကြောင်း သိရသည်။ **Ref: Xinhua**

# တရုတ်ဝန်ကြီးချုပ် လီချန် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေး

ပေကျင်း၊ နိုင်ငံရေး

တရုတ်ဝန်ကြီးချုပ် လီချန်သည် မြောက်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ချွဲဆွန်ဟွီးနှင့် စက်တင်ဘာလ ၂၉ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် တောတောင်ရေမြေချင်းဆက်စပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးမှုရှိကြရာ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ ခိုင်မာမြဲမြံ၍ နက်ရှိုင်းသည့်ချစ်ကြည်ရေးကို ထိန်းသိမ်းထားရှိကြောင်း လီချန်က အဆိုပါတွေ့ဆုံပွဲ၌ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် တရုတ်-မြောက်ကိုရီးယားဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ရေရှည်ရှုထောင့်မှ အစဉ်အမြဲရှုမြင်၍ အားပေးလျက်ရှိကြောင်း၊ နှစ်ပါတီ၊ နှစ်နိုင်ငံထိပ်တန်းခေါင်းဆောင်များ၏သဘောတူညီချက်များကို မြောက်ကိုရီးယားနိုင်ငံနှင့်အတူ ဖော်ဆောင်သွားရန်၊ အစဉ်အလာအရ ချစ်ကြည်ရေးကို မြှင့်တင်ရန်၊ မဟာဗျူဟာမြောက် ညှိနှိုင်းဆွေးနွေးမှုကို အားကောင်းလာစေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုကောင်းမွန်စွာဖော်ဆောင်ရန် ဆန္ဒရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အလားတူပင် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို ခိုင်မာတိုးတက်အောင် ဆောင်ရွက်ရန်သည် မြောက်ကိုရီးယားနိုင်ငံ၏မပြောင်းမလဲ ခိုင်မာမြဲမြံသည့်ရပ်တည်ချက်ဖြစ်ပြီး နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားနှင့်ကိုက်ညီကြောင်း၊ တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ဆက်လက်၍ အခိုင်အမာထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဘက်ပေါင်းစုံညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန် မျှော်လင့်ထားကြောင်း ချွဲဆွန်ဟွီးက တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။ **Ref: Xinhua**

# ဖိလစ်ပိုင်တွင် မုန်တိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၂၇ ဦးအထိ မြင့်တက်လာပြီး လူပေါင်း ၃ ဒသမ ၄ သန်းထိခိုက်နစ်နာခဲ့ရ




မနီလာ၊ သဘာဝဘေး

ဖိလစ်ပိုင်နိုင်ငံတွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် မုန်တိုင်းများကြောင့် သေဆုံးသူဦးရေမှာ ၂၇ ဦးအထိမြင့်တက်လာပြီး လူပေါင်း ၃ ဒသမ၄ သန်း ထိခိုက်နစ်နာခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေး အေဂျင်စီက စက်တင်ဘာလ ၂၉ ရက်တွင် ထုတ်ပြန်သည်။

မကြာသေးမီရက်ပိုင်းအတွင်း၌ နိုင်ငံအတွင်းသို့ အပူပိုင်းမုန်တိုင်းသုံးခုဆက်တိုက်ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ရေကြီးမှုများနှင့် မြေပြိုမှုများဆက်လက်ဖြစ်ပွားရာ အနည်းဆုံး လူ ၃၃ ဦး ဒဏ်ရာရရှိခဲ့သည့်အပြင် အနည်းဆုံးလူ ၁၆ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးအေဂျင်စီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ပြီးနောက် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကြောင့် မိသားစုပေါင်း ၃၀၀၀၀ ကျော်မှာ ၎င်းတို့၏ နေအိမ်များကိုစွန့်ခွာ၍ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခိုလှုံနေရကြောင်း သိရသည်။

ထို့ပြင် မုန်တိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ လမ်းမကြီးများနှင့် အခြားအခြေခံအဆောက်အဦများ ပျက်စီးခဲ့ခြင်းကြောင့် အာဏာပိုင်အဖွဲ့က နိုင်ငံတစ်ဝန်းလုံးရှိ ဒေသငါးခုရှိ မြို့များတွင် အရေးပေါ်အခြေအနေထုတ်ပြန်ထားကြောင်း သိရသည်။

**Ref: Xinhua**

# ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဒီရေတောစိုက်ခင်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ဒီရေတောစိုက်ခင်းများ ရှင်သန်အောင်မြင်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ်(၄၇) ရှိ ၄/၂၀၁၈ ကျေးရွာထင်းစိုက်ခင်းဧက ၁၀၀ ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားသောအပင်များ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် ကဒုံကနိကြိုးဝိုင်းအကွက်အမှတ်(၄၉)ရှိ ဖြိုးမွေးကျွန်းပျိုးဥယျာဉ်အတွင်း ဒီရေတောပျိုးပင်များပျိုးထောင်နေမှုနှင့် ဖြိုးမွေးကျွန်းအတွင်း သဘာဝဒီရေတောအား ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာရေးနှင့်သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သဘာဝဒီရေတောများထိန်းသိမ်းကာကွယ်ရေးနှင့် ဒီရေတောစိုက်ခင်းများထပ်မံတိုးချဲ့တည်ထောင်ရေးသည် အရေးကြီးသောအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ ဒေသခံများအနေဖြင့် မိမိဒေသရှိ ဒီရေတောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ပင်လယ်ကမ်းရိုးတန်းနှင့် ဒီရေရောက်ဒေသများတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ ကမ်းရိုးတန်းရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ်ကာကွယ်ရန်၊ ရေနေသတ္တဝါများ၏ ဂေဟစနစ်ကို အကာအကွယ်ပေးနိုင်ရန်အတွက် လမုပင်နှင့်အုန်းပင်များ တိုးမြှင့်စိုက်ပျိုးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



မွန်းလွဲပိုင်းတွင် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၆၄) ရှိ၁/၂၀၁၇ ဒီရေတောစိုက်ခင်းဧက ၈၅၀ ရှင်သန်အောင်မြင်နေမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကိုလည်းကောင်း၊ အကွက်အမှတ် (၆၃) ရှိ ၁/၂၀၀၉ ဒီရေတောစိုက်ခင်းဧက ၅၀၀ ရှင်သန်အောင်မြင်နေမှုကိုလည်းကောင်း၊ အကွက်အမှတ် (၆၂) ရှိ၃/၂၀၂၅ ဒီရေတောစိုက်ခင်းဧက ၂၀၀ စိုက်ပျိုးပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီရေတောဖုံးလွှမ်းမှုဧရိယာဧက စုစုပေါင်း ၁ ဒသမ ၂၆ သန်းရှိပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဒီရေတောဖုံးလွှမ်းမှုဧရိယာ ဧက ၁ ဒသမ ၂သိန်းခန့်တိုးတက်လာသည်ကိုတွေ့ရှိရပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဒီရေတောစိုက်ခင်းဧက ၂၃၀၀၊ အပင် ၂ ဒသမ ၇၈ သန်း တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီမှစတင်၍ ဒီရေတောစိုက်ခင်းဧက ၃၃၀၀၊ အပင် ၄ သန်းခန့် တိုးချဲ့တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် ၅ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် ၅ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



**တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားစဉ်။**

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော PDF အမည်ခံ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်နှင့် နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၅ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘများတက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ဘီအေ-၆၃ ၁ လက်၊ ၎င်းကျည်အိမ် ၃ ခု၊ ၄၀ မမ လက်လုပ်သေနတ် ၁ လက်၊ တူမီးသေနတ် ၁ လက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား ဂုဏ်ပြုဆုငွေများနှင့် အသုံးအဆောင်ပစ္စည်းများပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာနသည်ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၁-၉-၂၀၂၅ ရက် ည ၈ နာရီမှ ၂၈-၉-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၄၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။** အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**

# ပညာရေးဆိုင်ရာ မူဝါဒများသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၉

ပညာရေးဆိုင်ရာ မူဝါဒများသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တွဲဖက်ပါမောက္ခများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်သည့် မူဝါဒများကို နှစ်ရက်ကြာ သုံးသပ်အကြံပြုသွားမည်ဖြစ်ပြီး ပါမောက္ခချုပ်များကဦးဆောင်၍ ထိန်းညှိပေးစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ရေးဆွဲမည့် မူဝါဒများသည် ဆောင်ပုဒ်နှင့်ကိုက်ညီမှု ရှိရန်လိုအပ်ကြောင်း၊ ရာထူးတိုး၊ ပြောင်းကိစ္စရပ်များကို တစ်နှစ်လျှင် မေလနှင့် အောက်တိုဘာလတို့တွင် နှစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးက အဆင့်မြင့်ပညာကဏ္ဍအတွက် တက္ကသိုလ်ဆရာ၊ ဆရာမများရာထူးတိုးမြှင့်၊ ပြောင်းရွှေ့ခန့်ထားရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဖွဲ့များခွဲ၍ မူဝါဒများ အတည်ပြုချမှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြပြီး တွေ့ရှိချက်နှင့်အကြံပြုချက်များကို အဖွဲ့လိုက်တင်ပြကြကာ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်ဆရာ၊ ဆရာမများ ရာထူးတိုးမြှင့်၊ ပြောင်းရွှေ့ခန့်ထားရေးဆိုင်ရာ မူဝါဒများသုံးသပ်ခြင်း၊ တွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် စုပေါင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး ရာထူးတိုး၊ ပြောင်းမူဝါဒ(မူကြမ်း)ပြုစုခဲ့ကြသည်။

အဆိုပါ ပညာရေးဆိုင်ရာ မူဝါဒများ သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာလ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ကြာပြုလုပ်သွားမည် ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တက္ကသိုလ်နှင့် ဒါကာ တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့်ပူးပေါင်း၍ ယဉ်ကျေးမှုဆိုင်ရာလုပ်ဆောင်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ အနာဂတ်တွင် နှစ်နိုင်ငံ ပညာရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၁) သင်တန်းဖွင့်ပွဲကျင်းပ





နေပြည်တော် စက်တင်ဘာ ၂၉

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၁) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသော ဆရာ၊ ဆရာမများ အနေဖြင့် နိုင်ငံတော်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၃၇၈ ဦး စုစုပေါင်း ၄၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ ပတ္တမြားခန်းမ၌ အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ် (၁၅)မှ သင်တန်းသား၊ သင်တန်းသူများကို အမှာစကားပြောကြားပြီး တက္ကသိုလ်စစ်ရေးပြကွင်း၌ သင်တန်းသား၊ သင်တန်းသူများ၏ လက်နက်ဖြင့်၊ လက်နက်မဲ့စစ်ရေးပြလေ့ကျင့်နေမှု၊ တက္ကသိုလ်အတွင်း သင်တန်းရိက္ခာအတွက် မွေးမြူထားသော ဥစားကြက်နှင့် အသားစားကြက်မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ နေ့လယ်ပိုင်းတွင် ခတ္တာဆောင်၌ အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၁)မှ သင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနေရှင်နယ်လိဂ် ၂၀၂၅ - ၂၀၂၆ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ပြုလုပ်ရာ ရတနာပုံအသင်းက ၇ ဂိုး- ၃ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရတနာပုံအသင်းသည် လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၇ မှတ် ရရှိထားသည့် အသင်းဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းသည် လေးပွဲကစားပြီးချိန်တွင် လေးပွဲလုံးအရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး နိုင်ပွဲပျောက်ဆုံးကာ ယနေ့ပွဲသည်လည်း ပွဲကျပ်တစ်ပွဲဖြစ်ခဲ့သည်။

နှစ်ဖက်အသင်းကစားသမားများ နိုင်ပွဲရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာ ပွဲကစားချိန် ၂၁ မိနစ်တွင် ရတနာပုံအသင်းအတွက် ဦးဆောင်အဖွင့်ဂိုးကို သက်ထွန်းအောင်က သွင်းယူပေးခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲကစားချိန် ၂၅ မိနစ်တွင် သန်းကျော်ဌေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲကအရှိန်ပိုမြင့်လာသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သလို တစ်ဖက်အသင်းအတွက် ဂိုးမပေးရရေး အသည်းအသန်ဟန့်တားဖျက်ထုတ်ရသည်များလည်းရှိကြသည်။ ပွဲကစားချိန် ၂၈ မိနစ်တွင် ရတနာပုံအသင်းအတွက် ဒုတိယဂိုးကို စိုးမင်းဦးကလည်းကောင်း၊ ပွဲကစားချိန် ၃၅ မိနစ်တွင် တတိယဂိုးကို ပြည့်မိုးကလည်းကောင်း သွင်းယူနိုင်ခဲ့သည့်အတွက် ၃ဂိုး-၁ဂိုးဖြင့် ပထမပိုင်းပြီးဆုံးသွားသည်။

ဒုတိယပိုင်း ပွဲကစားချိန် ၄၉ မိနစ်တွင် ရတနာပုံအသင်းအတွက် စတုတ္ထမြောက်ဂိုးကို ညီညီအောင်ကလည်းကောင်း၊ ပွဲကစားချိန် ၇၈ မိနစ်တွင် ဇင်မင်းထွန်းက ရခိုင်ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၈၁ မိနစ်တွင် ရတနာပုံအသင်းအတွက် ပဉ္စမမြောက်ဂိုးကို ကောင်းမြတ်ကျော်ကလည်းကောင်း၊ ပွဲကစားချိန် ၈၃ မိနစ်နှင့် ၈၅ မိနစ်တွင် ရတနာပုံအသင်းအတွက် စိုးကျော်ကျော်က ဆဋ္ဌမမြောက်ဂိုးနှင့် သတ္တမမြောက်ဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၈၉ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်းအတွက် တတိယဂိုးကို Messo'o ကလည်းကောင်း သွင်းယူခဲ့ကြသည်။ လက်ကျန်အချိန်များအား အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပွဲပြီးဆုံးသွား၍ ၇ ဂိုး-၃ဂိုးဖြင့်ပင် ရတနာပုံအသင်းက အနိုင်ရရှိသွားသည်။



ထို့အတူ မြန်မာနေရှင်နယ်လိဂ် ၂၀၂၅-၂၀၂၆ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅) ပြိုင်ပွဲတစ်ပွဲဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့၏ ယှဉ်ပြိုင်မှုကို သန်လျင်မြို့ရှိ သီဟဒီပကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်းက ၃ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်တိုင်းဒေသကြီးအားကစား နှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရှိ နှစ် ၇၀၀ ပြည့် အားကစားကွင်းနှင့် ပိုးတန်းအားကစားကွင်းရှိ အားကစား ကွင်း/အားကစားရုံတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ နှစ် ၇၀၀ ပြည့် အားကစားကွင်းသို့ရောက်ရှိ ၍ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစား ကွင်းအတွင်း စိမ်းလန်းစိုပြည်စေရေး၊ ဘောလုံးကွင်းအတွင်းရှိ မြေနိမ့်သည့်နေရာ များကို မြေဖို့၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ် ပိုးတန်း အားကစားကွင်းသို့သွားရောက်၍ဘောလုံး ကွင်းနှင့် မိုးလုံလေလုံအားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစား ကွင်း/အားကစားရုံ ရေရှည်တည်တံ့စေ ရေး၊ မြရောတင်းနစ်ကွင်း မြေပြင် အက်ကြောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ကွင်းဆေးသုတ်ခြင်းများ ပြန်လည်ဆောင် ရွက်သွားရန်မှာကြားသည်။

ထို့နောက် စစ်ကိုင်းမြို့နယ် အသင်္ခယာ ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးအားကစား နှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်၊ နိုင်ငံ့ ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန် (၃)ရပ်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၃၀) တို့ကို လေးစားလိုက်နာကြရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ ကိုယ်ရေး ကိုယ်တာနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အခက် အခဲများနှင့်တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက် ပိုင်းတွင် မန္တလေးမြို့ရှိ ငလျင်ဘေးသင့် ဟိုတယ်များ ပြုပြင်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလည်ပတ် နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ် များမှ တာဝန်ရှိသူများက ငလျင်ဒဏ်သင့် အဆောက်အအုံ၊ အခန်းများ၊ ခန်းမများအား ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့်ဆောင်ရွက် ပြီးမှု၊ ပြင်ဆင်ပြီးအခန်းများတွင် ဧည့်သည် များလက်ခံပြီး လုပ်ငန်းများဆောင်ရွက် နေမှု၊ ဟိုတယ်များသို့ ဧည့်သည်များ ပိုမို လာရောက်တည်းခိုကြရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ဆောင်ရွက်ပေးစေလိုသည်များကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည် ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသ ကြီးအတွင်း၌ အထင်ကရခရီးစဉ်ဒေသများ၊ ခရီးသွားဆွဲဆောင်ရာနေရာများစွာရှိသည့် အတွက် ခရီးသွားရာသီအမီ ဟိုတယ် လုပ်ငန်းများကို အဆင်သင့်ပြင်ဆင်ထားရှိ ရေး၊ ဟိုတယ်များအနေဖြင့် ပြည်ပခရီးသွား ဈေးကွက်သာမက ပြည်တွင်းခရီးသွား ဈေးကွက်ကိုဦးတည်၍ ဆောင်ရွက်ကြရေး၊ ငလျင်ဒဏ်သင့် ဟိုတယ်အဆောက်အအုံ၊ အခန်းများ၊ ခန်းမများအား ပြင်ဆင်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင် ကြရန်နှင့် ဟိုတယ်များအနေဖြင့် မြို့တော် အင်္ဂါရပ်နှင့်အညီဖြစ်စေရန် သန့်ရှင်းသာယာ လှပရေးကို အမြဲမပြတ်ဆောင်ရွက်ကြရေး နှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရ သည်။ **မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ


နေပြည်တော် စက်တင်ဘာ ၂၉


နေပြည်တော်၊ မန္တလေးတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည် နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူလေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ် ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက် ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသ ဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင် သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# အပူပိုင်းမုန်တိုင်း "ဘူအလွိုင်" အပူပိုင်းမုန်တိုင်းငယ်အဖြစ်အားလျော့ကာ စက်တင်ဘာလ ၃၀ ရက်တွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

Japan Meteorological Agency (JMA) မှ အပူပိုင်းမုန်တိုင်း “ဘူအလွိုင်”(BUALOI) လမ်းကြောင်းပြပုံ




နေပြည်တော် စက်တင်ဘာ ၂၉

**အပူပိုင်းမုန်တိုင်း"ဘူအလွိုင်"(BUALOI) အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာ ချက်များအရ ဗီယက်နမ်နိုင်ငံနှင့် လာအို နိုင်ငံနယ်စပ်ဒေသများကို ဖြတ်ကျော် လျက်ရှိသော အားကောင်းသောအပူပိုင်း မုန်တိုင်း "ဘူအလွိုင်"သည် အပူပိုင်းမုန်တိုင်း "ဘူအလွိုင်"အဖြစ် အားလျော့သွားခဲ့ပြီး အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ကာ ဗီယက်နမ်နိုင်ငံနှင့် လာအို နိုင်ငံနယ်စပ်ဒေသများကို ဆက်လက် ဖြတ်ကျော်လျက်ရှိသည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**


အဆိုပါအပူပိုင်းမုန်တိုင်း"ဘူအလွိုင်" သည် အနောက်-အနောက်မြောက်ဘက် သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ယနေ့ ညပိုင်းတွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ် အားလျော့နိုင်ကာ လာအိုနိုင်ငံကုန်းတွင်း ပိုင်းဒေသများကိုဖြတ်ကျော်နိုင်ပြီး စက်တင် ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံ နှင့် မြန်မာနိုင်ငံနယ်စပ်ဒေသများကိုလည်း ကောင်း ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါအပူပိုင်းမုန်တိုင်း "ဘူအလွိုင်" မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ညနေမှ အောက်တိုဘာလ ၁ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသ များတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက် လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်း ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီး လက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီး တွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီး တွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှား နိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွား လာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ် သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါ သည်။

**(မိုး/ဇလ)**



# ဘေးကင်းစွာထုတ်လုပ်ထားသည့် ကျန်းမာရေး နှင့် ညီညွတ်သော ဆီကောင်းဆီသန့်များကို စားသုံးသူများထံ အရောက်ပို့ဆောင်ပေးရန်

GGPG Co.,Ltd (စံချိန်ဆီစက်)




ဖို့တောင်သူဦးကြီးများ ...
နေကြာစိုက်ပြီး ဈေးကွက်မရမှာစိုးရိမ်နေသလား?
ဈေးကောင်းပေးဝယ်ယူပါတယ်...
ပစ္စည်းရှိသလောက်ဝယ်ယူပေးနေပါတယ်
ရေရှည်ပူးပေါင်းဆောင်ရွက်သွားလိုပြီး
နှစ်ဦးနှစ်ဖက် ခိုင်မာတဲ့ဈေးကွက်၊
တည်ဆောက်သွားလိုပါတယ်
(၁)နှစ်ပတ်လုံး အချိန်မရွေးဝယ်ပေးနေပါတယ်
စက်ရုံကြီးမှ ဝယ်ယူတာဖြစ်လို့ ငွေရေးကြေးရေးစိတ်ချစွာ
ရောင်းချနိုင်ပါတယ်

ပြည်နယ်နှင့် တိုင်းအသီးသီးအတွက်
ဖြန့်ချိရေးကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်း
GGPG Co.,Ltd (စံချိန်ဆီစက်)မှ
ထုတ်လုပ်ဖြန့်ချိသော
ဆီသန့်အမျိုးမျိုးအား
မိမိတို့ပြည်နယ်နှင့် တိုင်းများတွင်
ပြန်လည်ဖြန့်ချိလိုပါက
အတူတူပေါင်းလက်တွဲဆောင်ရွက်နိုင်ပါရန်
လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊
စားသောက်ဆိုင်များ
အသင်းအဖွဲ့များ ရုံးများအား
GGPG Co.,Ltd (စံချိန်ဆီစက်)မှ
ထွက်ရှိသောဆီကောင်းဆီသန့်များကို
သက်သာသော နှုန်းထားဖြင့်
ညှိနှိုင်းရောင်းချပေးပါမည်။
အထူးဈေးနှုန်းဖြင့်
ညှိနှိုင်းရောင်းချပေးပါမည်

## Global Good Pure Group Co.,Ltd

စံချိန်ဆီစက် - အမှတ်(၆၂)လှေသင်းဝန်ဦးချိန်လမ်း နှင့် ကမ်းနားထောင့်၊ ရွှေပြည်သာစက်မှုဇုံ (၂)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Buy
Myanmar MOBILE MONEY
ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS MANAGEMENT SYSTEMS
SIN MINN
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့ သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္တဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၁၆)သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၉

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၆)၏သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ချမှတ်ထားသည့် သင်တန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး သင်တန်းကာလအတွင်း မိမိတို့ဝန်ကြီးဌာန၏ဂုဏ်ကို ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားကြရန်နှင့် မိမိတို့တာဝန်ယူရသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးကို ရှေးရှု၍ ပြည်သူကိုအလုပ်အကျွေးပြုရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၆) သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၃၂ ဦး၊ သင်တန်းသူ ၂၄၄ ဦး စုစုပေါင်း ၃၇၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများမှ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှွာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများအားဖွင့်လှစ်ထားရှိပြီး စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ဖြင့် သင်ကြားပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခုကို နိုင်ငံပိုင်သတင်းစာများတွင်ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့တွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၉ ရက်မှ အောက်တိုဘာလ ၁၀ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် သင်တန်းသားရှစ်ဦး၊ သင်တန်းသူ ၂၅၉ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၂၆၇ ဦး တက်ရောက်လျက်ရှိကာ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။


မြဝတီ

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့်ရေယာဉ်များ ဖမ်းဆီးရမိ


လိုင်စင်မဲ့ မော်တော်ယာဉ် (Suzuki Swift – 2007 Model)


MV. Shwe Dei Wi ရေယာဉ်

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


Marine Engine With Gear Box

အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၁၉ ရက်**တွင် တောင်ဥက္ကလာပမြို့နယ်၊ ၁၆ ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စက်တင်ဘာလ ၂၇ ရက်**တွင် သာကေတဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁၂၈)မျိုး၊ လူသုံးကုန်ပစ္စည်း(၃၉)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၁၁၂၀၃၇၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Dei Wi ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၇၁၈၁၄၈)ကိုအကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၄၈၃၈၅၂၀)**ကို အမှုတွဲဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂၇ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ)၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁၃၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၈၉၇၇၀၈) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Bon San ရေယာဉ်(၁)စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၆၂၇၉၁၂)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၀၆၉၅၆၂၀)**ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

**စက်တင်ဘာလ ၁၉ ရက်နှင့် ၂၇ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၉၅၅၃၄၁၄၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင်တရားမဝင်ကုန်သွယ်မှုများသည်အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





**ပျောက်ဆုံးကြောင်း**
ဒေါ်ချိုချိုခိုင်(ဘ)ဦးတင်သိန်း ၁၃/ကလန(နိုင်)၁၃၄၅၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
အာမီနာဘီ(ဘ)ဦးမွာက်ရှဖီ ၁၀/ကမရ(နိုင်)၂၁၇၉၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
မာမက်ကရင်(ဘ)ဦးနူရှုစလန် ၁၀/ကမရ(နိုင်)၂၁၇၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
ဝတ်ရည်နှင်း(ဘ)ဦးဌေးလှိုင် ၁၂/တမန(နိုင်)၁၁၃၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 129340)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၃၉၉၄၇၆၃

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြို့ကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၅)၊ (အလျား ၁၈'-၀"၊ အနံ ၂၈'-၀")ဦးအောင်ငွေပါ(၂)ဦးအမည်ပေါက်ဝိုင်းမြေပေါ်တွင် ဒေါ်မြင့်မြင့်ထွေး ၉/မခန(နိုင်)၀၅၀၁၄၇ ကိုင်ဆောင်သူမှ (အလျား ၁၆'-၀"၊ အနံ ၂၆'-၀")ရှိ ဝါးထရံကာသွပ်မိုး(၁)ထပ်ခွဲအဆောက်အဦနှင့် အရှည်(၄၆'-၀")အုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့် အုတ်ဝင်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## Khittayar Industry Company Limited ၏ မတည်ရင်းနှီးငွေပမာဏလျှော့ချရန်ကြေညာချက်

ကုမ္ပဏီ၏ မူလသတ်မှတ်မတည်ရင်းနှီးငွေ(Issue Paid Up Capital) ပမာဏကျပ် ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်တိတိ)တစ်စုလျှင် ကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတန်တိတိ)တန်အစုရှယ်ယာပေါင်း(၁၀၀၀၀)ကို လုပ်ငန်းလိုအပ်ချက်အရထားရှိခဲ့ပါသည်။ ယခုအခါ လုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်မပြေပါသဖြင့် မတည်ရင်းနှီးငွေအား ကျပ် ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာတိတိ)တစ်စုလျှင် ကျပ် ၁၀,၀၀၀/-(ကျပ်တစ်သောင်းတန်တိတိ)တန် အစုရှယ်ယာပေါင်း(၅၀၀၀)သို့ လျှော့ချရန်အတွက် (၂၂-၉-၂၀၂၅)နေ့တွင် (Special Resolution)အထူးအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆွေးနွေးဆုံးဖြတ်ပြီးကြောင်း ကြေညာအပ်ပါသည်။

**ဦးနေအောင်**
**အစုရှင်/မန်နေးဂျင်းဒါရိုက်တာ**
**ခေတ္တရာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်**

**ပျောက်ဆုံးကြောင်း**
မိချိုရီစံ(ဘ)ဦးအောင်ချစ်စံ ၃/ဘအန(နိုင်)၂၉၈၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 969810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စံသုတ(ဘ)ဦးသော်လွင်သန်း ၁၂/တမန(နိုင်)၁၂၈၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ264669)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၀၄၂၀၉၇

**ပျောက်ဆုံးကြောင်း**
ဂုဏ်ရှိန်ကျော်(ဘ)ဦးလှိုင်မျိုးဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 429803)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ဥဏ်လင်းအောင်(ဘ)ဦးအောင်သိန်း ၁၁/ကဖန(နိုင်)၀၃၄၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ပျောက်ဆုံးကြောင်း**
မိနှင်းသဇင်ဦး(ဘ)ဦးသက်ဝင်း ၃/ဘအန(နိုင်)၂၉၈၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 771211)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းကြည်ကြည်လဲ့ဦး(ဘ)ဦးထိန်လင်း ၃/ဘအန(နိုင်)၄၁၇၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 969086)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သန်းတိုးအောင်(ဘ)ဦးထွန်းထွန်းဦး ၉/ကပတ(နိုင်)၂၉၀၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန္တာညို(ဘ)ဦးညိုဝင်း ၈/ပမန(နိုင်)၁၂၇၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## အစုရှယ်ယာလျှော့ချခြင်းအသိပေးကြေညာချက်

ကျွန်တော်များ "MYNAMAR GEO LAND COMPANY LIMITED"သည် အစုရှယ်ယာမတည်ငွေကို (Kyat) ၁၀,၀၀၀ တန်အစုရှယ်ယာ(၅၀၀၀) စုစုပေါင်း အစုရှယ်ယာ(၅၀,၀၀၀,၀၀၀)မှ အစုရှယ်ယာမတည်ငွေကို (Kyat) ၁၀,၀၀၀ တန် အစုရှယ်ယာ(၁၀၀၀)စုစုပေါင်းအစုရှယ်ယာ(၁၀,၀၀၀,၀၀၀)သို့ လျှော့ချရန် ဒါရိုက်တာ၊ အစုရှယ်ယာရှင်များအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြောင်း အသိပေးအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**
ဦးထွန်းနိုင်(ဘ)ဦးချစ်စိန် ၉/ပဘန(နိုင်)၁၁၅၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 921071)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယမင်းရွှေရည်(ဘ)ဦးအုံးရွှေ ၅/ခတန(နိုင်)၀၃၀၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 062433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်**
အထက ငွေဆောင်၊ ပုသိမ်မြို့နယ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-9 မှ မအိမ့်ချစ်၏ဖခင် ဦးကျော်ငြိမ်းသူ၏အမည်မှန်မှာ ဦးကျော်စိုးဝင်း ၁၄/ငဆန(နိုင်)၀၀၁၃၂၇ ဖြစ်ပါကြောင်း။ **ဦးကျော်စိုးဝင်း**

**ပျောက်ဆုံးကြောင်း**
ဦးမင်းဌေး(ဘ)ဦးကြည်တင် ၈/ပမန(နိုင်)၀၉၇၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## အစုရှယ်ယာလျှော့ချခြင်းအသိပေးကြေညာချက်

ကျွန်တော်များ "PIN LAE GYI GROUP COMPANY LIMITED" သည် အစုရှယ်ယာမတည်ငွေကို (Kyat) ၁၀,၀၀၀ တန်အစုရှယ်ယာ(၅၀၀၀) စုစုပေါင်း အစုရှယ်ယာ(၅၀,၀၀၀,၀၀၀)မှ အစုရှယ်ယာမတည်ငွေကို (Kyat) ၁၀,၀၀၀ တန် အစုရှယ်ယာ(၅၀၀) စုစုပေါင်းအစုရှယ်ယာ (၅,၀၀၀,၀၀၀)သို့ လျှော့ချရန် ဒါရိုက်တာ၊ အစုရှယ်ယာရှင်များအစည်းအဝေးမှ ဆုံးဖြတ်ခဲ့ကြောင်း အသိပေးအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**
နိုင်လင်း(ဘ)ဦးလက္ခဏ ၇/ကကန(နိုင်)၀၅၁၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
အေးမေ(ဘ)ဦးမောင်ဦးထွန်း ၁၁/စတန(နိုင်)၀၂၅၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၅၄၈၄၆၄

**ဖခင်အမည်မှန်**
အထက(ခွဲ)လှည်းကျော်ကုန်း၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-12 မှ မနှင်းအိပိုင်၏ဖခင် ဦးနိုင်မင်း၏အမည်မှန်မှာ ဦးခင်အေး ၁၄/ပသန(နိုင်)၁၈၉၈၁၂ ဖြစ်ပါကြောင်း။ **ဦးခင်အေး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
အထက(၈)ပုသိမ်မှ အလပြ ဒေါ်နီလာထွန်းထွန်း ၁၃/ဟပန(နိုင်)၀၂၈၀၁၅ ၏ဖခင် ဦးတင်ထွဏ်းထွဏ်း(ခ)ဦးတင်ထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးတင်ထွဏ်းထွဏ်း(ခ)ဦးတင်ထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သိန်းနီမြို့နယ်၊ အ.မ.က(စယ်အူ)မှ ကျောင်းအုပ် ဒေါ်နန်းခမ်းမှတ် ၁၃/သနန(နိုင်)၀၀၃၁၂၀ ၏အဘအမည် ဦးအိုက်စိုင်းနှင့် ဦးပူလွယ်ဆိုင်ဆာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအိုက်စိုင်း(ခ)ဦးပူလွယ်ဆိုင်ဆာ**

**ပျောက်ဆုံးကြောင်း**
အေးအေးသင်း(ဘ)ဦးသန်းညွန့် ၁၂/ဥကတ(နိုင်)၁၃၃၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 435427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၈၄၇၄၃၉

**ပျောက်ဆုံးကြောင်း**
စံလင်း(ဘ)ဦးစိုးမြင့် ၉/ပဘန(နိုင်)၁၈၄၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 224214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၄၅၁၀၉၅

**ပျောက်ဆုံးကြောင်း**
မိုးမိုးနိုင်(ဘ)ဦးသံချောင်း ၅/အရတ(နိုင်)၁၀၉၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 420126)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇော်မျိုးထက်(ဘ)ဦးကျော်နု ၁၁/တကန(နိုင်)၀၇၂၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၀၀၅၁၉၂၉

## တစ်ဦးတည်းဖြစ်ပါကြောင်း

သိန်းနီမြို့နယ်၊ အ.မ.က(စယ်အူ)မှ ဒေါ်နန်းမွမ်းလူ ၁၃/သနန(နိုင်)၀၀၃၁၁၈ ၏အဘအမည် ဦးမိုင်ငင်းခိုင်နှင့်ဦးအိုက်ချိန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမိုင်ငင်းခိုင်(ခ)ဦးအိုက်ချိန်**

**ပျောက်ဆုံးကြောင်း**
ချိုမာအောင်(ဘ)ဦးအောင်ရွှေ ၅/ဆလက(နိုင်)၀၀၀၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၁၁၅၉၀၄

**ပျောက်ဆုံးကြောင်း**
စိုးသန်းထွေး(ဘ)ဦးစိန်လွင် ၉/လဝန(နိုင်)၃၀၆၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၂၉၁၂၃၁

**ပျောက်ဆုံးကြောင်း**
ဘီနိုသ်ကူမာရ်(ဘ)ဂျမူနာ(ခ)ရမ်းပရာကပ် ၇/ဖမန(နိုင်)၁၈၃၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၁၈၀၃၇

**ပျောက်ဆုံးကြောင်း**
နှင်းဟေမာဝင်း(ဘ)ဦးဝင်းမောင် ၁၄/ညတန(နိုင်)၁၄၆၀၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၉၃၃၁၇၇

**ပျောက်ဆုံးကြောင်း**
စန္ဒာဝင်း(ဘ)ဦးကျော်မောင် ၁၂/အစန(နိုင်)၀၉၁၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၈၀၉၂၅

**ပျောက်ဆုံးကြောင်း**
ဝင်းမြင့်သိန်း(ဘ)ဦးမြင့်ဆွေ ၁၂/ပဇတ(နိုင်)၀၀၅၁၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၆၄၀၉၆

**ပျောက်ဆုံးကြောင်း**
အမရပူရမြို့နယ်၊ ရွှေကြက်ယက်နေ ကျော်မျိုးသူ(ဘ)ဦးကျော်နိုင် ၉/နထက(နိုင်)၁၂၅၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြောင်းမြမြို့နယ်၊ ရှမ်းရေကျော်ရွာနေ အိဇင်သန့်(ဘ)ဦးသိန်းအေး ၁၄/မမန(နိုင်)၂၁၉၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချမ်းမြသာစည်မြို့၊ ၅၉ လမ်း၊ ၁၀၁-၁၀၂ ကြား၊ အိမ်အမှတ်(ကက-၁/၂)နေ ဥမ္မာအေး(ဘ)ဦးဉာဏ်သိန်း ၉/မကန(နိုင်)၁၀၆၅၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၈၅၆၆၈၉

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
စိုးသူရ(ဘ)ဦးဝင်းသူ ၁၂/အစန(နိုင်)၂၀၁၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၄၈၆၅၉

**ပျောက်ဆုံးကြောင်း**
ဇင်မာအောင်(ဘ)ဦးမင်းအောင် ၁၂/ရကန(နိုင်)၀၈၀၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၆၁၃၈၀၁

**ပျောက်ဆုံးကြောင်း**
စခန့်စည်သူ(ဘ)ဦးထွန်းဝင်း ၁၄/ကပန(နိုင်)၂၆၄၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 562069)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်ဦး(ဘ)စောမြင့် ၁၂/တမန(နိုင်)၀၆၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)၊ သုစိတ္တာလမ်းနေ မောင်အောင်အောင်(ဘ)ဦးဝင်းညွန့် ၃/ရမန(နိုင်)၁၇၇၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 800682)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၄၁၄၃၃၃

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဇောင်းတူရွာနေ ခိုင်ဇင်ဇော်(ဘ)ဦးဇော်ဝင်း ၇/ပခန(နိုင်)၄၈၃၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၆၉၆၁၃၀၉

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့နယ်၊ ဂျောင်းတာကျေးရွာနေ အေးပို(ဘ)ဦးလှဝင်း ၇/ညလပ(နိုင်)၂၁၃၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ မောင်ကျော်စွာမင်း(ဘ)ဦးညိုမောင် ၁/မညန(နိုင်)၁၀၃၂၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 688076)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၄၀၇၈၈၀

**ပျောက်ဆုံးကြောင်း**
စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရေတွင်းကောင်းရွာနေ ခိုင်ဇော်ထွန်း(ဘ)ဦးဇော်ဝင်း ၅/စကန(နိုင်)၃၀၇၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၇၀၃၃၂၈

**ပျောက်ဆုံးကြောင်း**
မုံရွာမြို့၊ ရေတာန်စုရွာနေ မအောင်မာမြင့်(ဘ)ဦးထွန်းအောင် ၅/မရန(နိုင်)၂၀၀၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 310923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၃၄၀၇၇

**ပျောက်ဆုံးကြောင်း**
မင်းမင်းသူ(ဘ)ဦးအောင်ဝင်းရွှေ ၁၂/ကမန(နိုင်)၁၄၇၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မေသူအောင်(ဘ)ဦးဆန်းဌေး ၁၀/ကထန(နိုင်)၁၉၅၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၈၄၀၅၉၂

❖ **မိမိတို့နိုင်ငံ၏ ထူးခြားသောဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ပေါင်းစည်းနေထိုင်ကြခြင်းပင် ဖြစ်ပါသည်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ကူးလူးဆက်ဆံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ ယူနန်ပြည်နယ်ပါတီကော်မတီ၏ နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး Mr. Hu Dapeng နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၉

ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev ၏ ဖိတ်ကြားချက်အရ ကာဇက်စတန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ၊ အက်စတာနာလေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့်ပြန်လည်ထွက်ခွာသည်။

**စာမျက်နှာ ၅ ကော်လံ ၁** ■

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြား** စာ - ၁၆ သို့

**ဆောင်းပါး**

**နိုင်ငံ့အရေးစဉ်မနေး မျှော်တွေးဆောင်ရွက် ပြည်သူ့အတွက်** စာ - ၁၁ သို့

**မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်** စာ - ၃ သို့

### အောက်တိုဘာလ ၁ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် အောက်တိုဘာလ ၁ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)